www.mapco.com.mm

MAPCO

# MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်

# Annual Report | 2017

MAPCO

# Myanmar Agribusiness Public Corporation Limited

Annual Report | **2017**



# ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

**ခင်မင်လေးစားရပါသော အစုရှယ်ယာရှင်များနှင့် မိတ်ဆွေသင်္ဂဟများ ခင်ဗျား**

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)ဖွဲ့စည်းတည်ထောင်ခြင်းသည် ၂၀၁၇ ခုနှစ်တွင် (၅)နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ MAPCO အနေဖြင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဆန်စပါးနှင့်လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက်လည်းကောင်း ချမှတ်ထားသော မျှော်မှန်းချက်များ၊ ဦးတည်ချက်များအတိုင်း ရှေ့သို့ချီတက်ခရီးဆက်လျက်ရှိပါသည်။ (၅)နှစ်တာကာလအတွင်း အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ၊ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အစုရှယ်ယာရှင်များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုကို အာမခံနိုင်သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်စေရန် ကျွန်တော်နှင့် ဒါရိုက်တာအဖွဲ့သည် စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ ကျွန်တော်တို့ ဆောင်ရွက်နေသောလုပ်ငန်းများနှင့်ပတ်သက်ပြီး ဤ Annual Report တွင် ကောက်နုတ်ဖော်ပြထားပါသည်။

၂။ ၂၀၁၇ ခုနှစ်အတွင်းတွင် MAPCO အနေဖြင့် သီလဝါစက်မှုဇုန်တွင် တည်ဆောက်လျက်ရှိသော Agri First Co.,Ltd.(AFC) ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ရုံဖွင့်လှစ်ပြီးပါက စနစ်တကျ စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို မိတ်ဖက်များဖြစ်သော Mitsui ကုမ္ပဏီ၊ Behn Meyer ကုမ္ပဏီတို့နှင့် အထူးဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ရွှေအိုးစည်အမှတ်တံဆိပ်၊ ကူဂျာကူအမှတ်တံဆိပ်၊ Zumba အမှတ်တံဆိပ်တို့ကို ဈေးကွက်တွင် စတင်မိတ်ဆက်ထားပြီးဖြစ်ပါကြောင်းနှင့် စက်ရုံတည်ဆောက်မှုသည်လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ဖြစ်၍ ၂၀၁၈ နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပါသည်။

၃။ MAPCO အနေဖြင့် စီမံကိန်းကြီးများနှင့် စက်ရုံကြီးများကို တစ်နှစ်လျှင်တစ်ခု တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ - ၁၆ ဘဏ္ဍာနှစ်တွင် နေပြည်တော်စီမံကိန်းကိုလည်းကောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် စပါးခွံမှလျှပ်စစ်ဓါတ်အားထုတ်သည့် စက်ရုံကို ဂျပန်နိုင်ငံ၊ YANMAR ကုမ္ပဏီ၏ အကူအညီဖြင့် နေပြည်တော်တွင်လည်းကောင်း၊ ယခုနှစ် ၂၀၁၇ ခုနှစ် မေလ(၁၅)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့တွင် MAPCO GOLDEN LACE စီမံကိန်းကိုလည်းကောင်း အသီးသီးဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ လာမည့် ၂၀၁၈ ခုနှစ်အတွင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးရှိ စီမံကိန်းနှင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ AFC ဓါတ်မြေသြဇာစက်ရုံတို့ကို ဖွင့်လှစ်နိုင်မည့် အခြေအနေဖြစ်ပါသည်။

စက်ရုံများ၏ တည်ဆောက်ရေးကာလတွင် ငွေကြေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို အထူးအလေးပေးစီစဉ်ဆောင်ရွက်ရသကဲ့သို့ စက်ရုံများပြီးစီးပါက စနစ်၊ စည်းကမ်း၊ စံချိန်စံညွှန်း၊ စာရင်းဇယား စသော စနစ်တကျ စီးပွားဖြစ်လည်ပတ်နိုင်ရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း ယခု တည်ဆောက်ရေးကာလကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ဆောင်ရွက်ဆဲ စက်ရုံများပြီးစီးပါက ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံဖြင့် လုပ်ငန်းများလည်ပတ်နိုင်မည်ဖြစ်၍ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ပို၍ထိရောက်စွာ အကျိုးပြုနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

၄။ MAPCO ၏ ပထမ (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာကပါ သိရှိအသိအမှတ်ပြုသည့် အဖွဲ့အစည်းဖြစ်စေရန် MAPCO ၏ Brand ကို တည်ဆောက်ခြင်းအား အထူးဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံနှင့် အခြေခံအုတ်မြစ် (Foundation) ကောင်းမွန်စေရန်၊ ရုံးစနစ်၊ အုပ်ချုပ်မှုစနစ်နှင့် Good Corporate Governance စနစ်များကိုလည်း စနစ်တကျ တည်ထောင်နိုင်ခဲ့ပါသည်။ ဒုတိယ (၅)နှစ်တာကာလတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ခိုင်မာစွာ ရရှိရေးကို ကျွန်တော်ဦးဆောင်သော ဒါရိုက်တာအဖွဲ့မှ အထူးအလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါသည်။ ယခုနှစ်အတွင်း တရုတ်နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် CITIC Group နှင့် ပူးပေါင်းဆောင်ရွက်မှု၊ DHL နှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပါအဝင် ဆောင်ရွက်ဆဲနှင့် တည်ဆောက်ဆဲလုပ်ငန်းများကို ၂၀၁၈ ခုနှစ်အတွင်း အပြီးသတ်နိုင်ရန်နှင့် လုပ်ငန်းစတင်လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းက အင်ဒိုနီးရှားနိုင်ငံ၊ BULOG သို့ ဆန်တင်ပို့ရောင်းချခြင်းမှ ရရန်ကျန်ရှိသော ဝင်ငွေများကို ရရှိရန်အတွက် ၂၀၁၇ ခုနှစ် တစ်လျှောက်လုံး ကြိုးစားခဲ့ပါသည်။ သို့ရာတွင် ယခုအခြေအနေအထိ ပြီးပြတ်ခြင်း မရှိသေးကြောင်းကိုလည်း ထုတ်ဖော်တင်ပြလိုပါသည်။ ယခုကိစ္စကို ပုံစံတစ်မျိုးဖြင့် ပြောင်းလဲဆောင်ရွက်ရန်ကိုလည်း စဉ်းစားဖော်ထုတ်ထားပြီးဖြစ်၍ အဆိုပါ နည်းလမ်းသစ်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဖြစ်ပေါ်လာမှုအခြေအနေကိုလည်း အစုရှယ်ယာရှင်များအား အသိပေးမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ရသော်လည်း ၂၀၁၇ ခုနှစ်တွင် မြန်မာ့ဆန်စပါးကဏ္ဍသည် ပြန်လည်ဦးမော့တိုးတက်လာသည်ကိုလည်း တွေ့ရပါသည်။ နှစ်ပေါင်း (၆၀) နီးပါးအတွင်း ယခုဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် (၂) သန်းကျော် တင်ပို့နိုင်ပြီဖြစ်၍ မြန်မာ့ဆန်စပါးကဏ္ဍတိုးတက်လာခြင်းနှင့်အတူ MAPCO ၏ စီးပွားရေးလုပ်ဆောင်မှုများသည်လည်း ၂၀၁၈ ခုနှစ်တွင် ပိုမိုအားကောင်းလာမည်ဟု သုံးသပ်တင်ပြလိုပါသည်။

၆။ အစုရှယ်ယာရှင်များ လေ့လာသိရှိနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ မှတ်တမ်းဓာတ်ပုံများ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ တင်ပြမှု၊ စာရင်းစစ်အစီရင်ခံစာ စသော ဖော်ပြမှုများကို ဤအစီရင်ခံစာ စာအုပ်တွင် ဖော်ပြထားပါသည်။ MAPCO ၏ Website နှင့် Facebook Page တို့တွင် တင်ပြအသိပေးခြင်း နည်းလမ်းကို အသုံးပြု၍ အစုရှယ်ယာရှင်များထံ ထိရောက်စွာ သတင်းပြန်ကြားနိုင်ရေးကိုလည်း တတ်နိုင်သမျှစီစဉ်သွားမည်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် အစုရှယ်ယာရှင်များနှင့် တွေ့ဆုံနိုင်ရန် Shareholders' Day ကို (၃) ရက်သတ်မှတ်ပြီး အစုရှယ်ယာရှင်များ မေးမြန်းသိရှိလိုသည့်အချက်အလက်များကို အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာများမှ အသေးစိတ်ရှင်းလင်းဖြေကြားပေးမည်ဖြစ်ပါကြောင်း အသိပေးလိုပါသည်။ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ကျေးလက်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသော MAPCO တွင် ရင်းနှီးမြှုပ်နှံထည့်ဝင်ထားသော အစုရှယ်ယာရှင်များအားလုံးအား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းနှင့် ၂၀၁၈ ခုနှစ်၊ နှစ်သစ်တွင် MAPCO ၏ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

( ချစ်ခိုင် )
ဥက္ကဋ္ဌ
ဒါရိုက်တာအဖွဲ့

# MAPCO ဖြစ်ပေါ်လာပုံ

မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်နှင့်ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များသည် (၂၃ . ၁.၂၀၁၂) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံ၍ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီးက အများပြည်သူပါဝင်မှုရှိသည့် အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သဖြင့် **MAPCO** အများပိုင်ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြု ချက်အမှတ်(၁၃၄/၂၀၁၂-၂၀၁၃)ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ (၁.၈.၂၀၁၂)ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ဆောင်ခွင့်လက်မှတ် (**Certificate for Commencement of Business**) အမှတ် ၁/၂၀၁၂ ကို ရရှိခဲ့ပါသည်။ အစိုးရသစ်လက်ထက်တွင် ပထမ ဦးဆုံးလုပ်ကိုင်ခွင့်ရရှိသော အများပိုင်ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအား အကျိုးအမြတ်အထိရောက်ဆုံး ခွဲဝေပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတကာအများပိုင်ကုမ္ပဏီကြီးများ၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထား ခြင်းဖြစ်ပါသည်။ အများပြည်သူသို့ အစုရှယ်ယာ စတင်ရောင်းချခြင်းကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အစုရှယ်ယာဝင်ဦးရေ(၁၄၇၆)ဦး ပါဝင်ရင်းနှီးမြှုပ်နှံလျှက်ရှိပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြင့် ရပ်တည်ဆောင်ရွက်အကျိုးပြု နိုင်ရန်။

## ဦးတည်ချက်များ

(၁) မြန်မာနိုင်ငံတွင် ဂုဏ်သတင်းထင်ရှားကျော်ကြားပြီး အကျိုးအမြတ်ရှိသော အများပိုင်ကုမ္ပဏီ တစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်ဆောင်ရွက်နိုင်ရန်။

(၂) လယ်ယာစီးပွားရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ခြင်းဖြင့် သက်ဆိုင်သူ (Stakeholders)များအားလုံး အကျိုးဖြစ်ထွန်းစေပြီး မြန်မာနိုင်ငံ၏ စားနပ် ရိက္ခာ ဖူလုံရေးနှင့် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကိုပါ အကျိုးပြုနိုင်ရန်။

(၃) အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ဥစ္စာဓန ပိုမိုတိုးပွားကောင်းမွန်စေရန်အတွက် မဟာဗျူဟာမြောက်သော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်။

(၄) လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက အခန်းကဏ္ဍမှဦးဆောင် ဆောင်ရွက်ရန်။

(၅) မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးစေရန်အတွက် လိုအပ်သော အခြေခံအဆောက်အဦး (infrastructure)များ၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ (Logistics) လုပ်ငန်းများ ကိုဆောင်ရွက်ရန်။

(၆) မြန်မာ့ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့တွင် ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ရန်။

# BACKGROUND INFORMATION OF MAPCO

On 21st January 2012, U Chit Khine, Chairman of **Myanmar Rice Federation (MRF)**, together with senior Central Executive Committee members of **MRF**, had a courtesy meeting with H.E. President U Thein Sein and cabinet ministers. The purpose of the meeting was to promote private-public partnership for the development of rice industry and agriculture sector of Myanmar. One of the outcomes of the meeting is to form a Public Company which can increase the investment and trade of the rice industry and agriculture sector. Hence, **Myanmar Agribusiness Public Corporation Limited (MAPCO)** was formed in 2012 under the guidance and initiative of Myanmar Rice Federation. **MAPCO** therefore acts as the business arm of **Myanmar Rice Federation**.

**MAPCO** was formally formed in August, 2012 as the Public Company, fully-owned by private investors. **MAPCO** intends to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. In addition, **MAPCO** is founded in response to the growing demand for a business corporation to lead the private sector of Myanmar's rice industry. Using market-based approaches and strategies, as well as working in partnership with stakeholders from the farmers to the exporters, **MAPCO** promises and promotes sustainability and profitability in the interest of national food security, rice and agriculture sector development of Myanmar. **MAPCO** works closely with the Government of Myanmar to set up and invest not only in modern rice mills and warehousing facilities but also on infrastructure and strategic projects to help alleviate poverty through agribusiness activities within the rural communities. The set of ideals that **MAPCO** carries is a paradigm shift from the previous agribusiness model to a more robust and comprehensive system.

The following details are about official incorporation of **MAPCO**:
**Incorporation Certificate** – No.134/2012-2013
(Issued by Department of Investment & Company Administration)

**Commencement of Business Certificate** – No.1/2012 (1-8-2012)
(Issued by Department of Investment & Company Administration)

**Commencement of Initial Public Offering** - (16-8-2012)
Numbers of shareholders (as of 2016-2017) – 1476 shareholders

## Vision

To be the vanguard of rice and agriculture industry of Myanmar

## Key Objectives

(1) To stand successfully as the most vibrant, dynamic and profitable public corporation in Myanmar

(2) To develop and sustain agribusiness activities so as to ensure prosperity for all stakeholders in the interests of national food security and rapid e conomic development

(3) To improve interest and wealth of shareholders by making long-term strategic investment

(4) To implement private sector-led development in agriculture and agro-based industries

(5) To develop and improve infrastructure and logistics with regard to economic development of Myanmar

(6) To be a market leader in Myanmar and in global market place




MAPCO's commitment to sustainable growth for rice industry and agriculture sector encompasses three main pillars as follows:



# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံတင်ပြစာ
# (Directors' Report)

၁။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင်ကျင်းပသော အထွေထွေအစည်းအဝေး၌ ဒါရိုက်တာ (၁၅) ဦးပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ MAPCO ၏ ကုမ္ပဏီရေးရာစီမံအုပ်ချုပ်မှုစနစ် (Corporate Governance) အရ ဒါရိုက်တာအဖွဲ့သည် မူဝါဒများ ချမှတ်ခြင်း၊ မဟာဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအပေါ် သုံးသပ်ခြင်းနှင့် MAPCO အတွက် အကျိုးရှိစေမည့် အကြံဉာဏ်များပေးခြင်းစသောလုပ်ငန်းများကို အဓိက ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ MAPCO အနေဖြင့် လယ်ယာကဏ္ဍနှင့်လယ်ယာဈေးကွက်အခြေအနေများကြောင့် လုံလောက်သောအမြတ်အစွန်းမရသေးသော်လည်း လူများစုဖြစ်သည့် အသေးစားနှင့် အလတ်စား အစုရှယ်ယာထည့်ဝင်သူများ၏ အကျိုးစီးပွားကို အမြဲအလေးထား၍ အမြတ်ဝေစုများ ခွဲဝေပေးခဲ့သည်မှာလည်း အစုရှယ်ယာရှင်များအားလုံး သိရှိပြီးဖြစ်ပါသည်။ ယခုနှစ်တွင် အမြတ်ဝေစုခွဲဝေပေးမှုနှင့် ပတ်သက်၍ MAPCO ၏ သင်းဖွဲ့စည်းမျဉ်း အပိုဒ် (၁၀၃) ကိုလည်း အောက်ပါအတိုင်း ပြင်ဆင်ခဲ့ပါသည်။

"အမြတ်ဝေစုကို ထိုနှစ်အမြတ်အစွန်းနှင့် ခွဲဝေမပေးရသေးသော အခြားအမြတ်အစွန်းထဲမှတစ်ပါး အခြားငွေကြေးများထဲမှ ခွဲဝေမပေးရ။ သို့သော် ဦးစားပေး အစုရှယ်ယာများအတွက် ဦးစားပေး အစုရှယ်ယာဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ထိုနှစ်အမြတ်အစွန်း (သို့) အခြားငွေကြေးမှ အမြတ်ဝေစုခွဲဝေပေးနိုင်သည်။ အသေးစားနှင့်အလတ်စား ထည့်ဝင်သူများကိုရည်ရွယ်၍ ဦးစားပေးအစုရှယ်ယာကို အောက်ပါအတိုင်းသတ်မှတ်ပါသည်။

(၁) ဦးစားပေး အစုရှယ်ယာဆိုသည်မှာ အစုရှယ်ယာ (၁) စုမှ (၁၀၀၀) စုထိ ထည့်ဝင်မှုကိုဆိုလိုပါသည်။
(၂) အခြေခံအားဖြင့် အသေးစားနှင့်အလတ်စား အစုရှယ်ယာထည့်ဝင်သူများအတွက် အကျိုးစီးပွား မြှင့်တင်ပေးခြင်း အလို့ငှာ ဦးစားပေး အစုရှယ်ယာအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။
(၃) မည်သည့်အစုရှယ်ယာရှင်မဆို အစုရှယ်ယာ (၁) စုမှ (၁၀၀၀) စုထိ ထည့်ဝင်မှုကို အဆိုပါ အစုရှယ်ယာရှင်ပိုင်ဆိုင်သော ဦးစားပေး အစုရှယ်ယာအဖြစ် သတ်မှတ်ရမည်။
(၄) ဦးစားပေးအစုရှယ်ယာ သတ်မှတ်ပြဋ္ဌာန်းချက်များကို ပြုပြင်ပြောင်းလဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်လိုပါက ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကို နှီးစပ်ရာနှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူ၍လည်းကောင်း၊ အစုရှယ်ယာများ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့်လည်းကောင်း ဆောင်ရွက်နိုင်သည်။"

၂။ MAPCO ၏ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လုပ်ငန်းလည်ပတ်ရေး၊ ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေးနှင့်ငွေကြေးစသော အဓိကကျသည့် နိစ္စဓူဝလုပ်ငန်း ဆောင်တာများကို ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် အမှုဆောင်ဒါရိုက်တာများမှ တာဝန်ခွဲဝေဆောင်ရွက်ကြပါသည်။ အမှုဆောင်ဒါရိုက် တာများသည် လုပ်ငန်းလိုအပ်ချက်အရ စည်းဝေးတိုင်ပင်ကြပြီး လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ MAPCO မှ ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ထားသော MAPCO Golden Lace ၊ MAPCO E&C ၊ MJRI ၊ Agri First စသော ကုမ္ပဏီများသည်လည်း သက်ဆိုင်ရာ BoD များဖွဲ့စည်းထားပြီး အစည်းအဝေးများကို ခေါ်ယူကျင်းပဆောင်ရွက်ကြပါသည်။ ဌာနပေါင်းစုံ Business Review Meeting၊ ဌာန/ လုပ်ငန်းတစ်ခုချင်းအလိုက် Coordination and Review Meeting၊ Senior Management Meeting များကိုလည်း ပုံမှန်ကျင်းပပြီး လုပ်ငန်းဆောင်ရွက်မှုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသက်ရောက်မှုများ၊ ရလာဒ်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ဆွေးနွေးညှိနှိုင်းသုံးသပ်ဆောင်ရွက်ကြပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ပြီး တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အရောင်းဆိုင်များသို့ ဓါတ်မြေသြဇာများ ဖြန့်ဖြူး ရောင်းချခဲ့ပါသည်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အထိ ဓါတ်မြေသြဇာအကြွေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းမှ ရရန်ရှိတန်ဖိုး ၁.၄၅ ဘီလီယံခန့် ကျန်ရှိနေပြီး အဆိုပါ ရရန်ရှိများ ကောက်ခံရရှိနိုင်ရေးအတွက် ကြွေးကောက်ခံရေးအဖွဲ့ ဖွဲ့စည်း၍ ဆက်သွယ်ကောက်ခံခြင်း၊ သတိပေးအကြောင်းကြားစာများ ပေးပို့ခြင်း၊ ဒေသအရောက် သွားရောက်ကောက်ခံခြင်း၊ ဥပဒေအကျိုးဆောင်အဖွဲ့ထားရှိပြီး အကြံဉာဏ်ရယူဆောင်ရွက်ခြင်း စသောနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဓါတ်မြေသြဇာဖိုးပေးသွင်းရန် ကျန်ရှိသူ(၂)ဦးနှင့် လယ်ယာသုံးစက်ကိရိယာဖိုးပေးသွင်းရန် ကျန်ရှိသူ(၁)ဦးအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားရန် စတင်ပြင်ဆင်လျက်ရှိပါသည်။ အကြွေးစနစ်၊ လက်ငင်းစနစ်များကိုလည်း ပိုမိုကောင်းမွန်သော Risk Management ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဒါရိုက်တာများနှင့် အကြီးတန်းစီမံခန့်ခွဲရေးဝန်ထမ်းများ၊ MAPCO ၏ အကြံပေးပုဂ္ဂိုလ်များ ဖွဲ့စည်းပါဝင်သည့် ဘဏ္ဍာရေးနှင့်စာရင်းစစ်ကော်မတီ၊ ဝန်ထမ်းရေးရာနှင့် အမည်စာရင်းတင်သွင်းရေးကော်မတီ၊ ထောက်ပံ့ချီးမြှင့်ငွေနှင့် အခကြေးငွေဆိုင်ရာကော်မတီများဖွဲ့စည်းထားရှိပြီး ကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်။ ဖွဲ့စည်းထားသော ကော်မတီများ ပိုမိုတက်ကြွစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အစုရှယ်ယာရှင်များနှင့် ပိုမိုထိတွေ့နိုင်မည့် သတင်းပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၄။ MAPCO အနေဖြင့် အစုရှယ်ယာရှင်များ၏ အစုရှယ်ယာလွှဲပြောင်းရောင်းဝယ်မှု လွယ်ကူစေရန်အတွက်လည်းကောင်း၊ ကုမ္ပဏီ၏ အရင်း အနှီးများ တိုးပွားရရှိစေရန်အတွက်လည်းကောင်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်တွင် ဖွင့်လှစ်ခဲ့သော ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် အဖွဲ့ဝင်ဖြစ်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကိုလည်းကောင်း၊ ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာအခြေအနေနှင့် စာရင်းသွင်းအဖွဲ့ဝင်ဖြစ်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း ချင့်ချိန် တွက်ဆ၍ ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၁၈ ခုနှစ်သည် မြန်မာ့စီးပွားရေးအတွက် အလားအလာကောင်းလာနိုင်မည်ဟု မျှော်မှန်းသကဲ့သို့ မကြာခင်က ပြဋ္ဌာန်းသော ကုမ္ပဏီဥပဒေအသစ် သက်ဝင်လှုပ်ရှားလာမည့် အခြေအနေတို့ကြောင့် MAPCO အနေဖြင့် YSX တွင် စာရင်းဝင်ရန်အတွက် ပြန်လည်အားထုတ်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါသည်။

၅။ ၂၀၁၆ - ၁၇ ဘဏ္ဍာနှစ်တွင်လည်း MAPCO အနေဖြင့် အကျိုးအမြတ်အနည်းငယ်ရရှိခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် ပိုင်ဆိုင်မှုများ တိုးပွားလာခြင်း၊ အနာဂါတ်တွင် ဝင်ငွေနှင့်အကျိုးအမြတ်ရရန်သေချာသည့် ခိုင်မာသောရင်းနှီးမြှုပ်နှံမှုများရှိနေခြင်းတို့သည်လည်း ကုမ္ပဏီပိုင်ရှင်များဖြစ်သည့် အစုရှယ်ယာရှင်အားလုံး၏ အကျိုးအမြတ်ပင်ဖြစ်ပါသည်။ ဒါရိုက်တာများနှင့် တည်ထောင်သူများအနေဖြင့် အစုရှယ်ယာ အများစုကို ရယူထားသော်လည်း အစုရှယ်ယာအနည်းစု ထည့်ဝင်ထားသော အစုရှယ်ယာရှင်များ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးနားလည်သဘောပေါက်ပါသည်။ ထို့ကြောင့် ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှုဖြင့် အစုရှယ်ယာ အနည်းငယ်ထည့်ဝင်ထားသူများကို ယခင်နှစ်ကကဲ့သို့ပင် ဦးစားပေး၍ အမြတ်ဝေစုခွဲဝေခြင်းအား ဆောင်ရွက်ရန်ဆုံးဖြတ်ထားပြီး နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပသောနေ့တွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ကြေညာပေးမည်ဖြစ်ပါသည်။ MAPCO အနေဖြင့် လုပ်ငန်းများကို တည်ဆောက်နေရသော အဆင့်၊ အခြေအနေကောင်းများကို တိုးမြှင့်ဆောင်ရွက်နေရသော အဆင့်တွင်သာရှိသေးဖြစ်ပါကြောင်း တင်ပြလိုပါသည်။ ရေရှည်အတွက် အလားအလာရှိပြီး ကောင်းမွန်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် လက်တလောအခြေအနေတွင် အမြတ်ဝေစုများ ခွဲဝေပေးရန် အခက်အခဲရှိသဖြင့် အစုရှယ်ယာ (၁၀၀၀) စု ပိုင်ဆိုင်မှု အပေါ်တွင်သာ အခြေခံ၍ ဆောင်ရွက်ရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် အပြည့်အဝကျေနပ်မည်မဟုတ်သော်လည်း ရှေ့အလားအလာများနှင့် အနာဂတ်တွင် ကြိုတင်ရင်းနှီးမြှုပ်နှံထားခြင်းသဘောကို လက်ခံပေးပါရန် မေတ္တာရပ်ခံလိုပါသည်။

၆။ MAPCO ၏ ဒါရိုက်တာများ၊ အမှုဆောင်ဒါရိုက်တာများ၊ ဝန်ထမ်းများအနေဖြင့် MAPCO ၏ ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများနှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ခိုင်မာသောအကျိုးအမြတ်များရရှိစေရေးတို့အတွက် ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဘဏ္ဍာရေးအချက်အလက်များကို ဤစာအုပ်တွင် ဖော်ပြထားပါကြောင်း ရိုသေလေးစားစွာဖြင့် အစီရင်ခံ တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်

# အများပြည်သူသို့ ရှယ်ယာရောင်းချမှုအခြေအနေတင်ပြချက်

MAPCO ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင်ပါဝင်သည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အစုရှယ်ယာများကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစတင် ရောင်းချခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအထိ ထုတ်ဝေရောင်းချထားသော အစုရှယ်ယာရောင်းချမှုအခြေအနေကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။




## Rights Issue ထုတ်ဝေရောင်းချမှု (from June-2016 to Sep-2017)

| Month | No. of Share | Amount(MMK) |
|---|---|---|
| June (2016) | 109,261 | 1,092,610,000 |
| July | 291,234 | 2,912,340,000 |
| Aug | 179,421 | 1,794,210,000 |
| Sept | 3,909 | 39,090,000 |
| Oct | 6,621 | 66,210,000 |
| Nov | 12,203 | 122,030,000 |
| Dec | 6,851 | 68,510,000 |
| Jan (2017) | 2,245 | 22,450,000 |
| Feb | 13,394 | 133,940,000 |
| March | 34,700 | 347,000,000 |
| April | 1,150 | 11,500,000 |
| May | 13,657 | 136,570,000 |
| June | 1,614 | 16,140,000 |
| July | 480 | 4,800,000 |
| Aug | 50 | 500,000 |
| Sept | 40 | 400,000 |
| Total | 676,830 | 6,768,300,000 |

# အစုရှယ်ယာ အများဆုံးထည့်ဝင်ထားသူ (၅၀)ဦးစာရင်း (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ)

| No | Shareholders Name | No.of Shares | Percentages % | Remaks |
|---|---|---|---|---|
| ၁။ | ဦးချစ်ခိုင် | 330,000 | 14.34 % | Chairman |
| ၂။ | YANGON LAND CO.,LTD | 140,000 | 6.08 % | - |
| ၃။ | ဦးထွန်းလွင် | 100,000 | 4.34 % | Founder/ Director |
| ၄။ | ဦးကျော်ကြီးကျော် | 64,400 | 2.80 % | - |
| ၅။ | ဦးမောင်မောင်ကြီး | 61,000 | 2.65 % | Director |
| ၆။ | ဦးဦးသွင် | 55,000 | 2.39 % | - |
| ၇။ | ဦးခင်မောင်အေး | 50,000 | 2.17 % | Founder |
| ၈။ | ဦးဇော်ဇော် | 50,000 | 2.17 % | ။ |
| ၉။ | ဦးဇော်ဝင်းရှိန် | 50,000 | 2.17 % | ။ |
| ၁၀။ | ဦးလှမျိုး | 50,000 | 2.17 % | ။ |
| ၁၁။ | ဦးသောင်းဝင်း | 50,000 | 2.17 % | Founder/ Director |
| ၁၂။ | ဦးကျော်လင်း | 50,000 | 2.17 % | Founder |
| ၁၃။ | ဦးကျော်ကျော်ဝင်း | 40,000 | 1.74 % | Founder/ Director |
| ၁၄။ | GOOD BROTHER CO.,LTD | 40,000 | 1.74 % | - |
| ၁၅။ | NINE ROAD COMPANY | 33,350 | 1.45 % | - |
| ၁၆။ | ဦးဝင်းထိန်ဝင်း | 32,000 | 1.39 % | Director |
| ၁၇။ | ဒေါ်ခင်မို့မို့ရှိန် | 27,695 | 1.20 % | - |
| ၁၈။ | ဦးရဲမင်းအောင် | 21,000 | 0.91 % | Managing Director |
| ၁၉။ | ဦးအောင်သန်းဦး | 20,000 | 0.87 % | Founder/ Director |
| ၂၀။ | ဒေါက်တာစိုးထွန်း | 20,000 | 0.87 % | ။ |
| ၂၁။ | DIAMOND STAR | 20,000 | 0.87 % | Founder |
| ၂၂။ | ဦးလှဦး | 20,000 | 0.87 % | Founder/ Director |
| ၂၃။ | ဦးတင်လှ | 20,000 | 0.87 % | - |
| ၂၄။ | ဒေါ်ကျန်းအင်ဟွယ် | 19,100 | 0.83 % | - |
| ၂၅။ | ဦးနေမျိုးဇော် | 18,000 | 0.78 % | - |

| No | Shareholders Name | No.of Shares | Percentages % | Remaks |
|---|---|---|---|---|
| ၂၆။ | ဦးဆဂလှဒွဲ | 17,952 | 0.78 % | - |
| ၂၇။ | ဦးတင်မြင့်(ခ)ဦးကျော်တင်မြင့် | 16,000 | 0.70 % | Director |
| ၂၈။ | ဦးတင်မောင်လှိုင် | 15,000 | 0.65 % | Founder/ Director |
| ၂၉။ | ဦးကျော်သင်း | 14,500 | 0.63 % | - |
| ၃၀။ | ဦးကျော်မင်းထင် | 13,690 | 0.59 % | - |
| ၃၁။ | ဒေါ်လှဲ့လှဲ့မော် | 12,000 | 0.52 % | - |
| ၃၂။ | ဦးအောင်လင်းထင် | 11,050 | 0.48 % | - |
| ၃၃။ | ဒေါက်တာစိုးမြင့် | 11,000 | 0.48 % | - |
| ၃၄။ | ဦးကျော်မျိုးလင်း | 10,500 | 0.46 % | - |
| ၃၅။ | ဦးလှမောင်ရွှေ | 10,000 | 0.43 % | Founder |
| ၃၆။ | ဦးအောင်စိုးသာ | 10,000 | 0.43 % | ။ |
| ၃၇။ | ဦးသတိုးဟိန်း | 10,000 | 0.43 % | ။ |
| ၃၈။ | ဦးအာယု | 10,000 | 0.43 % | ။ |
| ၃၉။ | ဦးကျော်ဇောအောင် | 10,000 | 0.43 % | ။ |
| ၄၀။ | ဦးအောင်မြင့် | 10,000 | 0.43 % | Founder/ Director |
| ၄၁။ | ဦးဇော်ဝင်းဦး | 10,000 | 0.43 % | Founder |
| ၄၂။ | ဦးမျိုးထွေး | 10,000 | 0.43 % | ။ |
| ၄၃။ | ဦးမောင်မောင်တင် | 10,000 | 0.43 % | ။ |
| ၄၄။ | ဒေါ်မြတ်သူခိုင် | 10,000 | 0.43 % | - |
| ၄၅။ | ဦးအောင်ဖြိုး | 10,000 | 0.43 % | - |
| ၄၆။ | ဒေါက်တာအေးအေး | 10,000 | 0.43 % | - |
| ၄၇။ | ဦးအောင်ကျော်ဇော | 10,000 | 0.43 % | - |
| ၄၈။ | ဦးလှဝင်း | 9,500 | 0.41 % | - |
| ၄၉။ | ဒေါ်စန်းသီတာထွန်း | 9,500 | 0.41 % | - |
| ၅၀။ | ဒေါ်လှလှမူ | 9,500 | 0.41 % | - |
| | Total | 1,661,737 | 72.20 % | |

# ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ

| No | Shareholders Name | No.of Shares | Amount(k) | Percentages % |
|---|---|---|---|---|
| ၁။ | ဦးချစ်ခိုင် | 330,000 | 3,300,000,000 | 14.34 % |
| ၂။ | ဦးရဲမင်းအောင် | 21,000 | 210,000,000 | 0.91 % |
| ၃။ | ဒေါက်တာစိုးထွန်း | 20,000 | 200,000,000 | 0.87 % |
| ၄။ | ဦးအောင်သန်းဦး | 20,000 | 200,000,000 | 0.87 % |
| ၅။ | ဦးသောင်းဝင်း | 50,000 | 500,000,000 | 2.17 % |
| ၆။ | ဦးကျော်ကျော်ဝင်း | 40,000 | 400,000,000 | 1.74 % |
| ၇။ | ဦးထွန်းလွင် | 100,000 | 1,000,000,000 | 4.34 % |
| ၈။ | ဦးတင်မောင်လှိုင် | 15,000 | 150,000,000 | 0.65 % |
| ၉။ | ဦးလှဦး | 20,000 | 200,000,000 | 0.87 % |
| ၁၀။ | ဦးအောင်မြင့် | 10,000 | 100,000,000 | 0.43 % |
| ၁၁။ | ဦးမောင်မောင်ကြီး | 61,000 | 610,000,000 | 2.65 % |
| ၁၂။ | ဦးဝင်းထိန်ဝင်း | 32,000 | 329,557,600 | 1.39 % |
| ၁၃။ | ဦးအောင်ဝင်း | 4,500 | 45,000,000 | 0.20 % |
| ၁၄။ | ဒေါ်ချိုချို | 1,000 | 10,000,000 | 0.04 % |
| ၁၅။ | ဦးကျော်တင်မြင့် | 16,000 | 160,000,000 | 0.70 % |
| | Total | 740,500 | 7,414,557,600 | 32.17 % |

**Group - 1**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 1-100 | 28,111 | 1 % | 916 | 62 % |
| 2 | 101-200 | 21,215 | 1 % | 123 | 8 % |
| 3 | 201-300 | 14,660 | 1 % | 56 | 4 % |
| 4 | 301-400 | 14,110 | 1 % | 37 | 3 % |
| 5 | 401-500 | 17,553 | 1 % | 36 | 2 % |
| 6 | 501-600 | 8,895 | 0 % | 15 | 1 % |
| 7 | 601-700 | 2,564 | 0 % | 4 | 0 % |
| 8 | 701-800 | 7,053 | 0 % | 9 | 1 % |
| 9 | 801-900 | 2,650 | 0 % | 3 | 0 % |
| 10 | 901-1000 | 80,924 | 4 % | 81 | 5 % |
| | Total | 197,735 | 9 % | 1,280 | 87 % |

**Group - 2**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 1001-2000 | 114,846 | 5 % | 68 | 5 % |
| 2 | 2001-3000 | 65,525 | 3 % | 25 | 2 % |
| 3 | 3001-4000 | 90,757 | 4 % | 24 | 2 % |
| 4 | 4001-5000 | 52,850 | 2 % | 11 | 1 % |
| 5 | 5001-6000 | 22,386 | 1 % | 4 | 0 % |
| 6 | 6001-7000 | 14,000 | 1 % | 2 | 0 % |
| 7 | 7001-8000 | 38,560 | 2 % | 5 | 0 % |
| 8 | 8001-9000 | 43,256 | 2 % | 5 | 0 % |
| 9 | 9001-10000 | 158,500 | 7 % | 16 | 1 % |
| | Total | 600,680 | 26 % | 160 | 11 % |

**Group - 3**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 10001-20000 | 258,792 | 11.2 % | 16 | 1 % |
| 2 | 20001-30000 | 48,695 | 2.1 % | 2 | 0 % |
| 3 | 30001-40000 | 145,350 | 6.3 % | 4 | 0 % |
| 4 | 40001-50000 | 300,000 | 13.0 % | 6 | 0 % |
| 5 | 50001-60000 | 55,000 | 2.4 % | 1 | 0 % |
| 6 | 60001-70000 | 125,400 | 5.4 % | 2 | 0 % |
| 7 | 70001-80000 | - | - | - | - |
| 8 | 80001-90000 | - | - | - | - |
| 9 | 90001-100000 | 100,000 | 4.3 % | 1 | 0 % |
| | Total | 1,033,237 | 45 % | 32 | 2 % |

**Group - 4**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 100001 - Above | 470,000 | 20 % | 2 | 0 % |
| | Total | 470,000 | 20 % | 2 | 0 % |

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | Group - 1 | 197,735 | 9 % | 1,280 | 87 % |
| 2 | Group - 2 | 600,680 | 26 % | 160 | 11 % |
| 3 | Group - 3 | 1,033,237 | 45 % | 32 | 2 % |
| 4 | Group - 4 | 470,000 | 20 % | 2 | 0 % |
| | Total | 2,301,652 | 100 % | 1,474 | 100 % |

# Right Issue ရှယ်ယာထုတ်ဝေရောင်းချမှုအခြေအနေ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့မှစတင်၍ အစုရှယ်ယာရှင် (Existing Shareholders) များကို Rights Issue share များထုတ်ဝေရောင်းချခဲ့ပါသည်။ Rights Issue share များ ထပ်မံထုတ်ဝေရောင်းချမည့်အကြောင်းကိုလည်း အများပြည်သူသိရှိနိုင်စေရန်အတွက် ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းအသိပေးခဲ့ပါသည်။ MAPCO ၏ Primary Market တွင်ရောင်းချခဲ့ပြီးဖြစ်သော Equity Capital ပမာဏအတိုင်း ထပ်မံ၍ Rights Issue shares များကို ထုတ်ဝေရောင်းချခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအထိ ရောင်းချပြီးစီးမှုမှာ အစုရှယ်ယာပေါင်း (၆၇၆,၈၃၀)၊ ငွေပမာဏမှာ ကျပ်သန်းပေါင်း (၆၇၆၈) သန်း ဖြစ်ပါသည်။ စုစုပေါင်းထုတ်ဝေသော Rights Issue အစုရှယ်ယာပမာဏမှာ (၁,၆၂၄,၈၂၂) ဖြစ်ပြီး ကျန်ရှိသောပမာဏကို SECM ၏ ခွင့်ပြုချက်ရယူပြီး အများပြည်သူ (အစုရှယ်ယာရှင်အသစ်) သို့ ထပ်မံဖိတ်ခေါ်ဆောင်ရွက်မည် ဖြစ်ပါသည်။

ထပ်မံထုတ်ဝေရောင်းချခြင်းဖြင့် ရရှိလာမည့် Equity Capital ကို အောက်ပါလုပ်ငန်းများဖြစ်သော New Project နှင့် Ongoing Project များတွင် ထပ်မံထည့်ဝင် ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။

(က) သီလဝါအကွက် အမှတ်(၂၈)တွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်။

(ခ) ဒေသအခြေပြု လယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း (ASC)များ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန်။

(ဂ) တွံတေးမြို့နယ်တွင် ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ တည်ဆောက်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်။

(ဃ)ASC များနှင့် ဆက်စပ်၍ အလားအလာရှိသောနေရာများတွင် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရန်။

(င) Sweet Corn (ပြောင်းဖူးတန်ဘိုးမြှင့်စက်ရုံ)နှင့် လယ်ယာသီးနှံတန်ဘိုးမြှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(စ) စပါးခွံမှ လျှပ်စစ်ထုတ်စက်ရုံများအား ဧရာဝတီတိုင်းဒေသကြီး (မြောင်းမြ)နှင့် စစ်ကိုင်းတိုင်းဒေသကြီး(ရွှေဘို)တို့တွင်ဆောင်ရွက်ရန်။

(ဆ) ဖွဲ့နဆီစက်ရုံများအား မြောင်းမြ၊ ကျိုက်လတ်နှင့် တွံတေးတို့တွင်ဆောင်ရွက်ရန်။

(ဇ) စပါးမျိုးကောင်း မျိုးသန့်ထုတ်လုပ်ရေး စီမံကိန်းဆောင်ရွက်ရန်။

(ဈ) ဒါရိုက်တာအဖွဲ့မှ အတည်ပြုရွေးချယ်သော အလားအလာရှိ သည့် စီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်။

**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ အစုရှယ်ယာအသစ်ထပ်မံထုတ်ဝေမည့် အစီအစဉ်ကြေညာချက်**

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)သည် ၁-၈-၂၀၁၂ရက်တွင် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၃၁-၃-၂၀၁၆ရက်အထိ အစုရှယ်ယာရှင်ပေါင်း(၁၄၄၄) ထည့်ဝင်ပြီး ရင်းနှီးမြှုပ်နှံမှု(၁၆. ၄ဘီလီယံ)ဖြင့် ဆန်စပါးလုပ်ငန်းနှင့် လယ်ယာစီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ MAPCO အနေဖြင့် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်တွင် ကျင်းပခဲ့သော အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေး(AGM)တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၌ ထည့်ဝင်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန်နှင့် လက်ရှိအစုရှယ်ယာရှင်များသို့ အစုရှယ်ယာများ ထပ်မံထုတ်ဝေပေးမည့်၊ ဝယ်ယူနိုင်မည့် အခွင့်အရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်ပေးရန် သဘောတူဆုံးဖြတ်ထားပါသည်။ အဆိုပါ AGM ဆုံးဖြတ်ချက်နှင့်အညီ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည့်/ဆက်လက်ဆောင်ရွက်မည့် အောက်ဖော်ပြပါစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးငွေထည့်ဝင်ရန် လိုအပ်သဖြင့် အစုရှယ်ယာများ ထပ်မံထုတ်ဝေမည်ဖြစ်ပါသည်-

(က) သီလဝါအကွက်(၂၈)တွင် ဆိပ်ကမ်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း စတင် ဆောင်ရွက်ရန်

(ခ) ဒေသအခြေပြုလယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း(MAPCO-ASC)များ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန်

(ဂ) Mandalay Development Bankတွင် အစုရှယ်ယာထည့်ဝင်ရန်

(ဃ) တွံတေးမြို့နယ်တွင် ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ တည်ဆောက်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်

(င) သီလဝါအထူးစီးပွားရေးဇုန်တွင် ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်မည့် (AFC Co.,Ltd)တွင် အစုရှယ်ယာထည့်ဝင်ရန်

(စ) Myanmar National Telecom Holding Public Co.,Ltd (စတုတ္ထမြောက် Telecom Operator လိုင်စင်)တွင် အစုရှယ်ယာထည့်ဝင်ရန်

၃။ ၂၀၁၆-၂၀၁၇တွင် ထုတ်ဝေမည့်အစုရှယ်ယာအရေအတွက်မှာ (၁၆၂၄၈၂၂) စုဖြစ်ပြီး လက်ရှိအစုရှယ်ယာ ထည့်ဝင်ထားသူများအား ၎င်းတို့ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်အတိုင်း အစုရှယ်ယာထပ်မံဝယ်ယူခွင့်ကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ အသစ်ထုတ်ဝေမည့်အစုရှယ်ယာများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၁၀၅(ဂ)နှင့်အညီ လက်ရှိ အစုရှယ်ယာရှင်များကို ဦးစားပေးထုတ်ဝေမည်ဖြစ်ပါသဖြင့် ၂၀၁၆ခုနှစ်၊ ဇွန်လ ၁၀ရက်မှစ၍ ဇူလိုင်လ ၅ရက်အထိ လက်ရှိအစုရှယ်ယာရှင်များမှ ရှယ်ယာဝယ်ယူထည့်ဝင်ပေးနိုင်ပါရန်နှင့် ဇူလိုင်လ(၅)ရက်အထိ ထည့်ဝင်ခြင်းမရှိသော အစုရှယ်ယာများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၉၃(၃)အရ အများပြည်သူသို့ ထည့်ဝင်နိုင်ရန် ထုတ်ဝေပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**MAPCO အမှတ်(၁၀၀)၊ ဝါးတန်းလမ်းနှင့်ကမ်းနားလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဝါးတန်းဆိပ်ကမ်းနယ်မြေ၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊**
**Ph:01-2301652~53,09-421135022**
**Email-admin@ mapco-ygn.com, bod@mapco-ygn.com**
**Website-www.mapco.com.mm**
**Fb-Myanmar Agribusiness Public Corporation (MAPCO)Ltd**




## အရှေ့တောင်အာရှတွင် လယ်ယာစီးပွားရေးဆိုင်ရာ ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆု ချီးမြှင့်ခံရခြင်း

MAPCO အနေဖြင့် ၂၀၁၆ ခုနှစ် Capital Finance International (UK) မှ ချီးမြှင့်သော လယ်ယာစီးပွားရေးဆိုင်ရာကောင်းမွန်သော စီမံအုပ်ချုပ်မှုဆု (Best Corporate Governance in Agribusiness) ကို လက်ခံရရှိခဲ့ပါသည်။



# MILESTONES OF MAPCO

## 2012

**28.8.2012**
- First Initial Public Operation
- Commencement of Business
Strand Hotel, Yangon

**10-11.10.2012**
- MAPCO Farm Mechanization Show 2012
- MCC

**28.10.2012**
- MAPCO Contract Farming Ceremony in Naypyitaw attended by
- H.E President U Thein Sein

**27.11.2012**
- MOU with Mitsui for MJRI
- To implement IRCP, Twante

## 2013

**30-31.1.2013**
- UOB - MAPCO Myanmar Investment ForumPark Royal Hotel

**2-3-4-5.3.2013**
- Myanmar Agro-Tech Expo 2013 (MAPCO)
MCC, Yangon

**5.3.2013**
- First Statutory Meeting
MCC, Yangon

**3.5.2013**
- MAPCO has involved as one of the main share-holders in MTSH

**4.5.2013**
- MIC approved MAPCO to build grain terminal at Plot 28 @ Thilawa

**4.5.2013**
- First time High Quality Rice Export to Japan in over 40 years by MAPCO-Mitsui

**30.9.2013**
- Myanmar Japan Rice Industry Co.,Ltd (MJRI) Launching Ceremony
- UMFCCI

**13.12.2013**
- MOU with Mitsui for NPK Fertilizer Factory
- The Signature Restaurant

## 2014

**30.1.2014**
- Set up MAPCO- Golden Lace Co.,Ltd.(MGL)
- Joint Venture between MAPCO (55%) and Golden Lace (45%)

**5-6-7-8.3.2014**
- Co-sponser for MAT Expo 2014
MCC,Yangon

**29.3.2014**
- Meeting with Shareholders who has over 1000 shares in MAPCO
Conference Hall, MAPCO

**24.5.2014**
- Signing Ceremony between Diawa Securities Group Inc/ Myanmar Securities Exchange Centre (MSEC) and MAPCO
- To be listed at YSX
Park Royal Hotel

**28.5.2014**
- Set up MAPCO Logistics Co.,Ltd

**1.6.2014**
- Second time rice 5% (long grain) 6000 MT exported to Japan by MAPCO & Mitsui

**1.8.2014**
- First time MAPCO Annual General Meeting
Mingalar Hall, UMFCCI

**11.8.2014**
* Set up MAPCO Engineering & Contracting Co.,Ltd (MAPCO E & C)

**27.11.2014**
- Set up Myanmar Japan Agrisolution Co.,Ltd
- Joint venture company MAPCO & Mitsui as 40 : 60

**30.12.2014**
- Received ISO 9001-2008 QMR Certificate
- Title: Exporting & Trading in Rice

YEARS | 2012 | 2013 | 2014

## 2015

**24.4.2015**
- Set up Myanmar Institute of Finance
- Joint venture company MAPCO & ZTK as 60 : 40

**28.6.2015**
- Grand opening ceremony of Naypyitaw Rice Mill
- 220 TPH Rice Mill and 0.5 MW power plant
- IRCP, Naypyitaw
- Attended H.E Vice president and Prime Ministers

**28.7.2015**

* First Time Rice 3000 MT exported to China (First ever offical export)

**30.12.2015**
- Second time MAPCO Annual General Meeting Mingalar Hall, UMFCCI

## 2016

**10.2.2016**
- Set up Myanmar Agribusiness Service Co.,Ltd

**7.4.2016**
- Share Holder Agreement signing ceremony for Joint Venture between Agri First Co.,Ltd MAPCO & BMM Venture (s) Pte Ltd
- Joint venture company MAPCO & BMM as 40 : 60 The Thingaha Hotel, Naypyitaw

**25.4.2016**
- Set up Agri First Co.,Ltd
- Joint venture company MAPCO - Mitsui - Ben Meyer

**31.12.2016**
- Third time MAPCO Annual General Meeting Mingalar Hall, UMFCCI

## 2017

**3.2.2017**
- Set up MAPCO Ayeyar Rice Industry Co.,Ltd (Joint venture company MAPCO & 4 Rice Millers as 40:60 Shareholding)

**13.3.2017**
- Set up Myaung Mya FM Biomass Power Co.,Ltd (MFM) (Joint venture company Fujita Corporation & MAPCO as 80:20 Shareholding)

**23.3.2017**
- MAPCO Yanmar Biomass Power Generation Factory Opening (MAPCO Naypyitaw)

**15.5.2017**
- Grand opening ceremony of 2.2 MW Power Plant and Rice Complex of MAPCO Golden Lace Co.,Ltd. Kyaite Latt IRCP

**21.7.2017**
- MRF- MAPCO & CTITIC Naypyitaw, Tingaha

**24.7.2017**
- Signing MOU between MAPCO-DHL for Logistics Cooperation, Yangon

**24.7.2017**
- AFC Ground Breaking Thillawa SEZ

**28.10.2017**
- Ground Breaking Ceremony of MFM & MARI
- 1.6 MW Rice Husk Fired Power Plant & Rice Bran Oil Mill (Extraction 100 Ton and Refinery 50 Ton) Project
- Myaung Mya Jute Factory Compound

# Corporate Governance

**စီမံခန့်ခွဲအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်မှုများ**

ကမ္ဘာ့စီးပွားရေးထိပ်တန်းနိုင်ငံ (၂၀)ဖြစ်သော **G-20** နှင့် ကမ္ဘာ့စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့အစည်း **(OECD)** တို့မှ သတ်မှတ်ပြဌာန်းသော စီမံခန့်ခွဲအုပ်ချုပ်မှု **Good Corporate Governance** ဆိုင်ရာမူဝါဒများ၊ ပေါ်လစီများ၊ လမ်းညွှန်မှုများကို အခြေခံ၍ **MAPCO** အတွက် သီးခြားပြုစုထားသော **Corporate Governance Policies & Guidelines -2016** စာအုပ်ကိုထုတ်ဝေခဲ့ပြီး အဆိုပါ **Good Corporate Governance** ပါ ပြဌာန်းချက်၊ သတ်မှတ်ချက်များအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်မှ စတင်၍ **MAPCO** တွင် စတင်ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**Objective 1**
- Sustainable business growth
- Investors' confidence

**Objective 2**
- Business integrity & ethics
- Market confidence

**Objective 3**
- Stable access to equity capital
- Capital formation and allocation

**Objective 4**
- Good Corporate Governance System

**Objective 5**
- Decision making processes on environmental, anti-corruption and anti-bribery, human rights, and social matters




**United Nations Global Compact တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း**

**MAPCO** သည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားနှင့်အမျိုးသမီးအခွင့်အရေး၊ လုပ်ငန်းခွင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လမ်းစဉ်များကို အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ **UN Global Compact** တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် **UN Secretary General** ဘန်ကီမွန်း၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ခွင့်ရရှိခဲ့ပါသည်။ **MAPCO** ၏ ကော်ပိုရိတ်မဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား **UN Global Compact** ၏ အခြေခံမူဝါဒ(၁၀)ချက်နှင့်အညီ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

UN GLOBAL COMPACT
WE SUPPORT

**၂၀၁၇ ခုနှစ် ဩဂုတ်လ(၂)ရက်နေ့ Novotel Hotel တွင် UNODC မှ ဦးဆောင်ကျင်းပခဲ့သော အဂတိလိုက်စားမှု ဆန့်ကျင်ရေးနှင့် ကျင့်ဝတ်နှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်းနှင့် ရုံးတွင် ထပ်ဆင့်သင်တန်းပို့ချခြင်း**




"A practical workshop on how business can combat corruption" အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများ ပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) မှ Senior Advisor ဦးရှုကြိန်နှင့် C.I.O ဦးသူရတို့ တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများအတွက် အခွင့်အလမ်းများအဖြစ် -

- Share experience of corruption risks in Myanmar, including how to deal with the 'grey area';
- Learn about successful approaches to combatting corruption at the company level – how to prevent and resist;
- Obtain examples of leadership commitments and anti-corruption programmes which can be taken back and adapted to their companies;
- Gain a better understanding of setting up a strong anti-corruption policy (from assessing the risk to whistle blower protection);
- Learn how companies can get their employees to comply with the policy;
- Discuss ways of reporting corruption in the Myanmar context;
- Identify opportunities for collective action.



စသည့် ဦးတည်ချက်(၆)ရပ်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။ ဖော်ပြပါဆွေးနွေးပွဲမှ သင်ခန်းစာများ၊ ဆွေးနွေးသုံးသပ်ချက်များကို MAPCO တွင် Internal Training အဖြစ် ပြန်လည်ပို့ချပြီး အသိပညာမျှဝေခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



၂၀၁၇ ခုနှစ် စက်တင်ဘာလ(၂၉)ရက်နေ့တွင် MAOCO ရုံးချုပ်၌ ဒါရိုက်တာဦးအောင်ဝင်းနှင့် C.I.O ဦးသူရတို့မှ အောက်ပါ ခေါင်းစဉ်များဖြင့် သင်တန်းပို့ချခဲ့ပါသည်။

(၁) MAPCO ၏ရပ်တည်ချက်
(၂) Corruption နှင့် Bribery အဓိပ္ပာယ်ဖွင့်ဆိုချက်
(၃) အဂတိလိုက်စားမှု ပုံသဏ္ဍာန်များ (Forms of corruption)
(၄) အဓိကကျသော လာဘ်ပေးလာဘ်ယူ(Bribery) ကိစ္စရပ်များ
(၅) တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဟူသည်
(၆) ကျင့်ဝတ်ဖြောင့်မှန်မှုဟူသည်
(၇) လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးအစီအစဉ် ရေးဆွဲချမှတ်ထားခြင်း၏ အားသာချက်များ
(၈) Anti-Corruption Programmes (ACP) ရေးဆွဲထားမှုကို ပုံမှန် Update လုပ်ရန် လိုအပ်မှုနှင့် ကြုံတွေ့နိုင်သည့် အန္တရာယ်များ(Risks)
(၉) မမှန်ကန်မှုများကို ဖွင့်ဟဖော်ထုတ်ခြင်းဟူသည် (What is whistleblowing?)
(၁၀) Anti-Corruption Programmes / Code of Conduct Policy ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲသင့်သည့် အချက်များ
(၁၁) အဂတိတရားလေးပါးအပေါ် ရှင်းလင်းတင်ပြမှု












# 2016 ANNUAL GENERAL MEETING

# ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပခြင်း
















MAPCO


MAPCO
မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)
၂၀၁၆ ခုနှစ် - နှစ်ပတ်လည်အထွေထွေအစည်းအဝေး
MAPCO



# YANMAR စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကျင်းပ

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ၂၃.၃.၂၀၁၇ ရက်နေ့ နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်ဝင်းအတွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားအမြင့်ဆုံးလိုအပ်ချက်မှာ မဂ္ဂါဝပ် ၃၀၀၀ ခန့် ရှိလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ထုတ်လုပ်နိုင်မှုမှာ ၂၈၅၆ မဂ္ဂါဝပ်ရှိသဖြင့် ၂၄၄ မဂ္ဂါဝမ် ဓာတ်အားလိုအပ်ချက် ဖြစ်ပေါ်နေပါကြောင်း၊ စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဆန်စက်များစွာတည်ရှိရာဒေသများတွင် တည်ဆောက်နိုင်ပါက ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိလာနိုင်မည်ဖြစ်ကြောင်း၊ အလားတူစီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အကူအညီများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌဦးချစ်ခိုင်ကလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို စွန့်ပစ်ပစ္စည်းစပါးခွံမှ ထုတ်ယူသုံးစွဲခြင်းဖြစ်သည့်အတွက် မဟာဓာတ်အားလိုင်းမှ ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ စပါးခွံများ မီးရှို့ဖျက်ဆီးပါက သဘာဝပတ်ဝန်းကျင်ညစ်ညမ်းထိခိုက်ပါကြောင်း၊ ယခုစက်ရုံသည် စပါးခွံများကို စနစ်တကျ အဆင့်မြင့်နည်း ပညာဖြင့် လောင်ကျွမ်းစေခြင်းဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်ပါကြောင်း၊ စက်ရုံမှ လျှပ်စစ်ဓာတ်အား သုည ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ဆနစက်လည်ပတ်ရာတွင် အသုံးပြုမည်ဖြစ်ကာ ပိုလျှံဓာတ်အားကို အနီးဝန်းကျင်များသို့ ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။



ဂျပန်နိုင်ငံ Yanmar ကုမ္ပဏီမှ တာဝန်ရှိသူများက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထွက်ရှိနိုင်မည့် မဂ္ဂါဝပ်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ချနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် ဥက္ကဌ ဦးချစ်ခိုင်နှင့် ဂျပန်နိုင်ငံ Yanmer ကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါသည်။ ယင်းနောက် ဒုတိကသမ္မတ နှင့် တာဝန်ရှိသူများက စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး စက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းခဲ့ကြပါသည်။





ထို့နောက် ဒုတိယသမ္မတသည် စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအား လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံတွင် စပါးခွံများကို မြစ်ချောင်းများအတွင်း အလွယ်တကူ စွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းပြီး ရေနေသတ္တဝါများ သေဆုံးခြင်း၊ စပါးခွံများကို ကွင်းပြင်တွင် မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းခြင်းများ ဖြစ်ပေါ်နေကြောင်း၊ စပါးခွံများ ပေါများစွာ ရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရေးစီစဉ်နေကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့တွင် တည်ဆောက်နေသော ၂.၂ မဂ္ဂါဝပ် ထွက်ရှိမည့် စပါးခွံလောင်စာသုံး



လျှစ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုမှာလည်း ပြီးစီးနေပြီဖြစ်ပါသည်။

ယခုဖွင့်လှစ်ပေးလိုက်သည့် စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် နည်းပညာဖြင့် တည်ဆောက်ထားပြီး လျှပ်စစ်ဓာတ်အား သုည ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

# MAPCO GOLDEN LACE (MGL) ဖွင့်ပွဲ

ကျိုက်လတ်မြို့နယ်ရှိ MAPCO Golden Lace Co.,Ltd ပိုင် Integrated Rice Complex Plant အား၊ ၂၀၁၇ ခုနှစ်၊ မေလ(၁၅) ရက်နေ့တွင် ဖွင့်ပွဲကျင်းပခဲ့ပါသည်။ အဆိုပါ ဖွင့်ပွဲသို့ နိုင်ငံတော်ဒုသမ္မတ(၂)၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ စီမံကိန်းပတ်ဝန်းကျင်ရှိ တောင်သူလယ်သမားများ၊ ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်များမှ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။



MAPCO Golden Lace Co.,Ltd ၏ Integrated Rice Complex Plant အနေဖြင့် ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မအူပင် ပတ်ဝန်းကျင်မှထွက်ရှိလာသော စပါးများထဲမှ နွေစပါးအတွက် တင်း(၄)သိန်း၊ မိုးစပါးအတွက် တင်း(၄)သိန်းဝယ်ယူ ကြိတ်ခွဲသွားပါမည်။ ဝယ်ယူသည့်စပါးများအားလည်း အဆင့်မီကြိတ်ခွဲနိုင်ရေး၊ သိုလှောင်နိုင်ရေးအတွက် အစိုဓာတ်လျော့ချ၍ အခြောက်ခံခြင်းများကို မိမိပိုင်(၁၇)တန် အခြောက်ခံစက်(၄)စုံ၊ တန်(၃၀) အခြောက်ခံစက်(၁)စုံတို့ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့ပြင် ပတ်ဝန်းကျင်ရှိ တောင်သူစက်ပိုင်ကုန်သည်များ၏ စပါးများကိုလည်း နဝလီရယူ၍ စပါးအခြောက်ခံခြင်း လုပ်ငန်းကိုဆောင်ရွက်ပေးသွားပါမည်။

ဒေသတွင်း ထွက်ရှိလာသော စပါးများကို ဝယ်ယူကြိတ်ခွဲသွားမည့်အပြင် ပတ်ဝန်းကျင် ဆန်စက်ငယ်များမှ ကြိတ်ခွဲထွက်ရှိလာသော စက်ကြိတ်နိမ့်ဆန်များ၊ လုံးတီးဆန်များကို နှစ်စဉ် တန်(၃၀၀၀၀) ခန့် ဝယ်ယူ၍ အဆင့်မြင့် ပြုပြင်သွားမည်ဖြစ်ပြီး ပြည်ပသို့ နှစ်စဉ် ဆန်တန်ချိန် (၅၀၀၀၀) ခန့် တင်ပို့ရောင်းချနိုင်ရေးကို ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။









## လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြီးစီးမှုအခြေအနေ

၁။ စပါးခွံလောင်စာသုံးစွဲ၍ ဘွိုင်လာမှ 450˚C ရှိသော ဖိအားမြင့်ရေနွေးငွေ့ထုတ်လွှတ်ပြီး တာဘိုင်ကို လည်ပတ်စေကာ 440 V 2.2 MW လျှပ်စစ်ဓါတ်အားကို ထုတ်လုပ်မည်ဖြစ်ပါသည်။ ၎င်းလျှပ်စစ်ဓါတ်အားကို မိမိစက်ရုံဝန်းအတွင်းရှိ စက်ယူနစ်အားလုံးကို မောင်းနှင်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပုဂ္ဂလိက ဆန်စပါးလုပ်ငန်းတွင် ပထမဆုံးနှင့် အကြီးဆုံးစပါးခွံသုံး လျှပ်စစ်ထုတ်လုပ်စက် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ Lucky Export ကုမ္ပဏီမှ မှာယူတင်သွင်းခဲ့ပြီး တည်ဆောက်မှု ၁၀၀% ပြီးစီးပြီ ဖြစ်ပါသည်။ စမ်းသပ်လည်ပတ်လျှက်ရှိပါသည်။

Phase II – (၂၀၁၈-၁၉ ဘဏ္ဍာနှစ်)

၁။ ဖွင့်ပွဲနေ့တွင် MOU ရေးထိုးခဲ့သော ဂျပန်နိုင်ငံ Kanemi ကုမ္ပဏီနှင့် ဖွဲနုဆီကြမ်းထုတ် စက်ရုံတည်ဆောက်နိုင်ရေးအတွက်လိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းလျှက်ရှိပါသည်။ ကုန်ကြမ်းဖွဲနု ရရှိရေးကိစ္စ၊ ဆီထုတ်ပြီး ဖွဲဖတ်အား တိရိစ္ဆာန်အစာထုတ်စက်ရုံများသို့ရောင်းချနိုင်ရေးကိစ္စ၊ ဆီကြမ်းထုတ်စက်ရုံတည်ဆောက်ရေးကိစ္စများအား ဆောင်ရွက်လျှက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ဖွဲနုဆီစက်ရုံဖွင့်လှစ်နိုင်ရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျှက် ရှိပါသည်။

၂။ စက်ရုံမှ ကိုယ်ပိုင်ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ ဖွဲနုဆီထုတ်လုပ်သည့် စက်ရုံအပြင် ဘေးထွက်ပစ္စည်းဖြစ်သည့် ဆီထုတ်ပြီး ဖွဲဖက်၊ ဆန်မှထွက်ရှိသည့် ဆန်ကွဲနှင့် ဒေသအတွင်းထွက်ရှိသည့် ငါးမှုန်များကို အသုံးပြု၍ တိရစ္ဆာန်အစား၊ ငါးအစားထုတ်လုပ်သည့်စက်ရုံများကို ထပ်မံတိုးချဲ့ထုတ်လုပ်သွားပါမည်။

၃။ ထို့အပြင် ဖျာပုံခရိုင်အတွင်း အဓိကလိုအပ်လျက်ရှိသည့် ရေခဲထုတ်လုပ်သည့်စက်ရုံကိုလည်း ဆက်လက်ဆောင်ရွက်တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါသည်။

## ကျေးလက်နှင့် မြို့စီးပွားရေးကွန်ယက်

၁။ ကျိုက်လတ်မြို့တွင် MAPCO Golden Lace Co.,Ltd ၏ IRCP Project ကို လုပ်ဆောင်ခဲ့ပါသည်။ ကျေးလက်ဒေသထွက် စပါးကို ပြည်ပသို့ တန်းမြှင့်ပေါင်းဆန်၊ ဆန်ဖြူအဖြစ် အရည်အသွေးညီ ဆန်များ တစ်စုတစ်စည်းတည်း တင်ပို့နိုင်ရန် ခေတ်မီ ဆန်စက်၊ စပါးပေါင်းစက်၊ စပါး အခြောက်ခံစက်၊ ဆိုင်လို နှင့် 2.2MW လျှပ်စစ်ထုတ်လုပ်စက်တို့ကို တည်ဆောက်လည်ပတ်လျှက် ရှိပါသည်။

၂။ "စက်ရုံတစ်ရုံမှ ဘေးထွက်ပစ္စည်းသည် နောက်စက်ရုံအတွက်












ကုန်ကြမ်းဖြစ်ရမည်” ဆိုသည့်မူဖြင့်၊ ဖွဲနုဆီစက်၊ တိရိစ္ဆာန်အစာတောင့်စက်၊ ဆန်မှုန့်၊ အာဟာရဖြည့်ဆန်၊ ဆန်ကြာဇံ၊ စပါးခွံလောင်စာတောင့်၊ စပါးခွံ + ဖွဲပြာ + ဘီလပ်မြေရော အုတ်စက်နှင့် သဘာဝမြေသြဇာစက်ရုံများကို ဆက်လက်တည်ဆောက်သွားပါမည်။ မြေနေရာအားဖြင့် စုစုပေါင်း ဧက (၃၀) ခန့် အခြားနည်းသုံးစွဲခွင့်ရရှိပြီးဖြစ်ပါသည်။

၃။ စရိတ်စကများ လျှော့နိုင်မှ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး၊ တောင်သူလယ်သမားများကို စပါးဈေး ကောင်းပေးလာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လိုအပ်နေသော ကန်ထရိုက်လယ်ယာစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၄။ မြို့နယ်နှင့် ကျေးလက်ရှိ ဆန်စက်ငယ်များထံမှ လုံးတီးဆန် (သို့မဟုတ်) တန်းနိမ့်ဆန်၊ ဆန်ကွဲများကို ဝယ်ယူပေးခြင်းဖြင့် ၄င်းတို့၏ စီးပွားရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

၅။ ခေတ်မီဆန်စက် အင်္ဂါရပ်ပြည့်စုံသဖြင့် နိုင်ငံခြား ကုန်သွယ်ဖက်များ၏ ယုံကြည်မှုကို ပိုမိုရရှိလာကာ ပြည်ပရောင်းဈေး ပိုမိုရရှိခံစားလာရမည် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လိုအပ်နေသော နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာ လက်တွေ့သင်ကြားပို့ချနိုင်ရန် **“အကောင်းဆုံး သရုပ်ပြ စက်ရုံကြီး”** တခုအဖြစ် ကူညီပံ့ပိုးနိုင်မည် ဖြစ်ပါသည်။





၇။ စက်ရုံကြီးအား ကမ္ဘာ့အဆင့်မီ ဖြစ်စေရန် HACCP, ISO အသိအမှတ်ပြုလက်မှတ်များရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။

၈။ ပြည်တွင်းစားသုံးမှုအတွက်လည်း PATH နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အာဟာရဖြည့်ဆန်ကို MGL တံဆိပ်ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု MSME စီးပွားရေးဇုန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်

၁။ ကျိုက်လတ်မြို့အဝင် လှည်းဆိပ်ကျေးရွာတွင် စိုက်ပျိုးရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ရန် မြေနေရာ (၁၂.၂၉) ဧက ခွင့်ပြုမိန့်ရရှိပြီး ဖြစ်ပါသည်။ ၎င်းနေရာတွင် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ၆၀' x ၁၆၀' အဆောက်အဦးတည်ဆောက်ပြီးဖြစ်ပါသည်။

၂။ စီမံကိန်းနေရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် "MSME စီးပွားရေးဇုံ" တစ်ခုဖြစ်ပေါ်လာအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၃။ MSME စီးပွားရေးဇုံတွင် ပါဝင်မည့်လုပ်ငန်းများမှာ

(၃.၁) စက်မှုလယ်ယာဝန်ဆောင်မှု ASC လုပ်ငန်းများ

(၃.၂) လယ်ယာထွက်ကုန်များ လက်လီရောင်းချနိုင်ရန် **" လယ်သမားဈေး "**

(၃.၃) လယ်ယာထွက်ကုန်များ စီးပွားဖြစ် ကုန်သွယ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းကုန်စည်ဒိုင်များ

(၃.၄) လယ်ယာထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်တင်မည့် ခေတ်မီစက်ရုံများ၊ Dryer များ

(၃.၅) စပါးအခြောက်ခံစက်နှင့် ခေတ်မီသိုလှောင်ရုံများ၊ မျိုးစပါးသန့်စင်စက်များ

(၃.၆) ရေသန့်စက်ရုံနှင့် ရေခဲစက်၊ အအေးခန်းစက်ရုံများ

(၃.၇) စက်ရုံများအတွက် အချိန်ပြည့် လျှပ်စစ်ပေးနိုင်ရန် စပါးခွံလောင်စာသုံး ရေနွေးငွေ့ ဘွိုင်လာ၊ တာဘိုင် လျှပ်စစ်ထုတ်လုပ်စက်

(၃.၈) ကျေးလက်၊ မြို့နယ်၊ မြို့ကြီး စီးပွားရေးချိတ်ဆက်ပေးမည့် စီးပွားရေးဝန်ဆောင်မှုအဖွဲ့အစည်းများ၏ ရုံးခန်းများ

(၃.၉) ရင်းနှီးမြှုပ်နှံမှု အထောက်အကူဖြစ်စေရန် အသေးစား အလတ်စား ငွေစုငွေချေး အဖွဲ့အစည်းများအတွက် ရုံးခန်းများ ပါဝင်ပါမည်။

၄။ "MSME စီးပွားရေးဇုံ" နှင့် မျက်နှာချင်းဆိုင်ဘက်တွင် မျိုးစပါး စိုက်ပျိုးထုတ်လုပ်ရန် အဆင့်မြင့်လယ်မြေ(၁၀)ဧကကိုလည်း MAPCO Golden Lace Co.,Ltd က ဆောင်ရွက်လျက်ရှိပါသည်။

## နိုင်ငံအတွက် နမူနာပြရှေ့ဆောင်ခြင်း

MAPCO သည် ကျေးလက်ဖွံ့ဖြိုး စီးပွားရေးကွန်ယက် ကောင်းမွန်လာစေရန် မြို့နယ်များတွင် ASC စခန်းများထူထောင်ခြင်း၊ ကန်ထရိုက်လယ်ယာလုပ်ငန်းများ စည်းရုံးဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသ စီးပွားရေးကိုအထောက်အကူပြုမည့် တန်ဖိုးမြှင့် ခေတ်မီစက်ရုံများ ထူထောင်ခြင်းတို့ကို ယုံကြည်မှုအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ တွေ့ကြုံလာရသော အခက်အခဲမျိုးစုံကိုလည်း ကျော်လွှားဆောင်ရွက်လျက်ရှိပါသည်။ အစုရှယ်ယာရှင်များ၏ စိတ်ရှည်နားလည်အားပေးမှုကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံအတွက် လယ်ယာထွက်ကုန် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဦးဆောင်ကြိုးပမ်းနေသော ကုမ္ပဏီများတွင် MAPCO သည် ထိပ်ဆုံးမှ ပါဝင်နေသဖြင့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများကလည်း ယုံကြည်စွာ ကူညီပံ့ပိုးပေးမည်ဟု လုံးဝယုံကြည်မျှော်လင့်မိပါသည်။









# ရွှေအိုးစည်၊ KUJAKU နှင့် ZUMBA အမှတ်တံဆိပ် ဓာတ်မြေဩဇာများ စတင်တင်သွင်းဖြန့်ဖြူးခြင်း



တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးသည့်သီးနှံများ၏အထွက်နှုန်း တိုးမြင့်လာစေရန်၊ အရည်အသွေးမြင့်မားသော သီးနှံများ ထုတ်လုပ်နိုင်ရန် အရည်အသွေး အာမခံချက်ရှိသည့် စိုက်ပျိုးရေးသွင်းအားစုများ တင်သွင်းဖြန့်ဖြူးခြင်းကို မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။

၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)အနေဖြင့် BEHN MEYER Agricare မှ ဂျာမနီနည်းပညာဖြင့် မလေးရှားနိုင်ငံတွင် ထုတ်လုပ်ထားသော အရည်အသွေးမြင့် "ရွှေအိုးစည်" အမှတ်တံဆိပ်နှင့် ကူဂျာကူအမှတ်တံဆိပ်၊ Zumba အမှတ်တံဆိပ်မြေဩဇာများကို စမ်းသပ်တင်သွင်းဖြန့်ဖြူးလျှက်ရှိပါသည်။

ပြည်တွင်းဓါတ်မြေဩဇာထုတ်လုပ်မှု လိုအပ်ချက် ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစားထိုးပြည်တွင်း ထုတ်လုပ်မှုတိုးစေရန် ရည်ရွယ်၍ MAPCO၊ MITSUI ကုမ္ပဏီနှင့် BEHN MEYER ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ နိုင်ငံတကာအဆင့်မီ ဓါတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို Agri First












Company အမည်ဖြင့် ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုသဘောတူ စာချုပ်အား ၂၀၁၆ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့တွင် လက်မှတ်ရေး ထိုးပြီးခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ Agri First Company ၏ ဓါတ်မြေဩဇာရော နှောပြုပြင် စက်(Bulk Blending) စက်ရုံကြီးကို သီလဝါအထူး စီးပွါးရေးဇုန်တွင် တည်ဆောက်အကောင်အထည်ဖေါ်လျက်ရှိပြီး စက်ရုံအား ၂၀၁၈ ခုနှစ်၊ မတ်လတွင် အပြီးတည်ဆောက်သွားမည် ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်ပြီး လုပ်ငန်းစတင်ဆောင်ရွက်၍ ဈေးကွက်လိုအပ် ချက်အရတစ်နှစ်လျှင် တန်ချိန်(၁၀၀,၀၀၀) ခန့်ကို ထုတ်လုပ်ဖြန့် ဖြူးသွားမည်ဖြစ်ပါသည်။ ထို့အပြင် အခြားလို အပ်သော ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆေးများကို ပြည်ပမှ တင်သွင်းဖြန့်ချီသွားရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး AFC ကို မြန်မာနိုင်ငံ၏ ထိပ်တန်းမြေဩဇာနှင့် စိုက်ပျိုးရေးဆေး ဆိုင်ရာ ကုမ္ပဏီတစ်ခုအဖြစ် ဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။





## ရာဘာအတွက် Zumba



# စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ

စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးများတွင် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းများကို ဒေသအခြေပြု လယ်ယာစီးပွားရေးဆိုင်ရာ လုပ်ငန်းစင်တာများမှ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။



စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှု လုပ်ငန်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော အဆင့်မြှင့်လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ အစီအစဉ်ဖြင့် ကော့မှူးမြို့နယ်၊ လာဝတီကျေးရွာတွင် ဧက(၁၄၉.၇၀)၊ ကွမ်းခြံကုန်းမြို့နယ်၊ ကံကြီးမကြီးကျေးရွာတွင် ဧက(၁၀၉.၇၀)၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်တွင် တောင်သူပိုင်လယ်ဧက(၄၈.၇၅)၊ လက်ပံတန်းမြို့နယ်တွင် ဧက(၃၀)ကို အဆင့်မြှင့် လယ်ယာမြေဖော်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ လယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း (ASC) သည် MAPCO ၏ 4 in 1 Concept အား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး၊ အဆင့်မြှင့်လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ပြီးသော အဆင့်မြှင့်လယ်ယာမြေများတွင် စက်မှုလယ်ယာအငှားလိုက် ဝန်ဆောင်မှုပေးခြင်း၊ အဆင့်မြှင့် လယ်ယာမြေဖော်ထုတ်ထားသော တောင်သူများဖြင့် စာချုပ်၍ ဓါတ်မြေသြဇာဖြန့်ဖြူးရောင်းချခြင်းနှင့် ကန်ထရိုက် လယ်ယာဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ထွက်ရှိလာသော စပါးများအား ခေတ်မီအခြောက်ခံစက်များဖြင့်



ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လာဝတီကျေးရွာ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ပြီးစီးမှု အခြေအနေ





ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ကံကြီးမကျီးကျေးရွာ
အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ပြီးစီးမှု အခြေအနေ

အခြောက်ခံ၍ သိုလှောင်သိမ်းဆည်းခြင်းလုပ်ငန်းများကို တပါတည်းဝန်ဆောင်မှုပေးနိုင်ရန်အတွက်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် MAPCO ၏ ရုံးများ၊ စခန်းခွဲများနှင့် အနီးဆုံးနေရာများကို ဦးစားပေးဝန်ဆောင်မှုပေး၍ အခြားဒေသများသို့ ချဲ့ထွင်ဆောင်ရွက်သောစနစ်၊ မိတ်ဖက်ကျေးရွာများကို အခြေခံသောလုပ်ငန်းဆောင်ရွက်မှုဖြင့် တစ်ရာသီပြီး တစ်ရာသီ၊ တစ်နှစ်ပြီးတစ်နှစ်၊ အဆိုပါကျေးရွာများတွင်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ Customer များ၏ အကြံပြုချက်၊ ဝေဖန်ချက်များကို အမြဲရယူစဉ်းစားသုံးသပ်၍ Check and Balance ဖြစ်စေရန် ဆောင်ရွက်သောစနစ်များကို လက်ကိုင်ထား၍ စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိသဖြင့် ရေရှည်အကျိုးအမြတ်ရှိသော လုပ်ငန်းတစ်ခုဖြစ်ပေါ်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလယ်ယာလုပ်ငန်း၏အဓိကလုပ်ငန်းများဖြစ်သည့် ရိတ်သိမ်းလုပ်ငန်း၊ ထွန်ယက်လုပ်ငန်းနှင့် အဆင့်မြှင့်လယ်ယာမြေဖော်လုပ်ငန်းများမှ စုစုပေါင်း ဝင်ငွေကျပ် (၁.၄၄) ဘီလီယံကို (၂၀၁၆ ~ ၂၀၁၇) ဘဏ္ဍာနှစ်အတွင်း ရှာဖွေပေးနိုင်ခဲ့ပြီး၊ နှစ်စဉ်လုပ်ငန်းဝင်ငွေတိုးတက်ရှာဖွေနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။











# အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းမှ အရည်အသွေးမြင့် စပါးထုတ်လုပ်ခြင်းနှင့် မျိုးစပါးထုတ်လုပ်ခြင်း





အကျိုးတူကန်ထရိုက်လယ်ယာစနစ်(Contract Farming) ကို လယ်ယာစိုက်ပျိုးရေးနှင့် သား၊ ငါးမွေးမြူထုတ်လုပ်ရေးကို အခြေခံသည့် နိုင်ငံအများစုတွင် စနစ်တကျလုပ်ဆောင်နေသော လယ်ယာစီးပွားရေးပုံစံဖြစ်ပါသည်။ ကန်ထရိုက်လယ်ယာစနစ်သည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် လယ်ယာထွက်ကုန်ကို ပြန်လည်ဝယ်ယူမည့် ကုမ္ပဏီတို့အကြား ကြိုတင်အရောင်းအဝယ်ပြုလုပ်ရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာအထောက်အကူပြုပစ္စည်းများ၊ စိုက်ပျိုးစရိတ်ငွေကြေးကို ကြိုတင်ပေးအပ်ရန် ရည်ရွယ်ပြီး၊ စာချုပ်ချုပ်ဆို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

အကျိုးတူကန်ထရိုက်လယ်ယာစနစ်ကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(၁) ကန်ထရိုက်လယ်ယာစနစ်ကို ဆောင်ရွက်ခြင်းဖြင့် (၁)ဧက အထွက်နှုန်းတိုးရန်(၁)ဧကအပေါ် တောင်သူဝင်ငွေတိုးစေရန်၊ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစေရန်။

(၂) အရည်အသွေးကောင်း၍ ဈေးကွက်ရှိသော လယ်ယာ ထွက်ကုန်သီးနှံကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်။

(၃) သီးနှံပေါ်ချိန်တွင် စာချုပ်ပါစည်းကမ်းချက်နှင့်အညီ ကြိုတင်ညှိနှိုင်းထားသော အာမခံဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်နိုင်ရန်။

အထက်ပါ ရည်ရွယ်ချက်များကို အခြေခံ၍ ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အရည်အသွေးမြင့် စပါးများအား MAPCO မှ ဖော်ဆောင်လျက်ရှိသော ခေတ်မီဆန်စက်လုပ်ငန်း (IRCP) များသို့ ပေးပို့ ကြိတ်ခွဲ ခြင်းဖြင့် အရည်အသွေးကောင်း ဆန်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လယ်ယာလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီး လိုအပ်ချက်တစ်ခုဖြစ်သည့် မျိုးစပါးထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး၊ ထွက်ရှိလာသော မျိုးစပါးများကို ကန်ထရိုက်လယ်ယာလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းဖြင့် မျိုးကောင်းမျိုးသန့်ကို စနစ်တကျ ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါသည်။

MAPCO ၏ 4 in 1 Concept ဖြစ်သည့်အတွက် အရည်အသွေးမြင့် စပါးနှင့် မျိုးစပါး ကန်ထရိုက်လယ်ယာလုပ်ငန်းတွင် အရည်အသွေးကောင်း ဓါတ်မြေဩဇာများကို ဖြန့်ဖြူးအသုံးပြုခြင်းဖြင့် ဓါတ်မြေဩဇာလုပ်ငန်းအနေဖြင့်လည်း ဈေးကွက်ဝေစုတိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့အတူ စက်မှုလယ်ယာလုပ်ငန်းဝန်ဆောင်မှုများကို ကန်ထရိုက်လယ်ယာလုပ်ငန်းတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် 4 in 1 Concept ကို အကောင်အထည်ဖော်နိုင်သကဲ့သို့ တောင်သူ၏ လိုအပ်ချက်များကို တစ်စုတစ်စည်းတည်း ဖြည့်ဆည်းပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။







## ၂၀၁၇-၁၈ ခုနှစ် မိုးစပါးရာသီ အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းဆောင်ရွက်ထားရှိမှု

| စဉ် | တည်နေရာ | အရည်အသွေးမြင့်စပါး (ဧက) | မျိုးစပါး (ဧက) | စုစုပေါင်း (ဧက) |
|---|---|---|---|---|
| | **ရန်ကုန်တိုင်း** | | | |
| ၁။ | တွံတေး | ၂၀၀ | ၈၀ | ၂၈၀ |
| ၂။ | ကော့မှူး | ၃၈၀ | ၁၀၀ | ၄၈၀ |
| ၃။ | ကွမ်းခြံကုန်း | ၂၇၇ | ၅၅ | ၃၃၂ |
| ၄။ | ဒလ | ၄၀ | ၁၀ | ၅၀ |
| ၅။ | သုံးခွ | ၅၀၀ | ၉၀ | ၅၉၀ |
| | **ဧရာဝတီတိုင်း** | | | |
| ၆။ | မအူပင် | ၅၀ | ၈၈.၅ | ၁၃၈.၅ |
| ၇။ | ကျိုက်လတ် | ၃၅၁ | ၈၅ | ၄၃၆ |
| ၈။ | ဖျာပုံ | ၉၁၁ | ၇၆ | ၉၇၈ |
| ၉။ | ဒေးဒရဲ | ၈၀၄ | ၇၀ | ၈၇၄ |
| ၁၀။ | ဘိုကလေး | ၅၀၀ | ၉၉ | ၅၉၉ |
| ၁၁။ | မြောင်းမြ | ၁၀၄ | ၈၉ | ၁၉၃ |
| ၁၂။ | ဟသ်ာတ | | ၅၀ | |
| | **ပဲခူး (အနောက်)** | | | |
| ၁၃။ | လက်ပံတန်း | ၁၀၈ | ၀ | ၁၀၈ |
| ၁၄။ | ရွှေတောင် | ၂၅၄ | ၀ | ၂၅၄ |
| | **နေပြည်တော်** | | | |
| ၁၅။ | နေပြည်တော် | ၉၆ | ၁၅၈၄ | ၁၆၈၀ |
| | **စစ်ကိုင်းတိုင်း** | | | |
| ၁၆။ | ရွှေဘို | ၃၅၀ | | ၃၅၀ |
| | **စုစုပေါင်း** | **၄၉၂၅** | **၂၄၇၇** | **၇၃၄၃** |

# MAPCO AYEYAR RICE INDUSTRY COMPANY (MARI)
# ဖွဲ့စည်းဆောင်ရွက်မှု

မြန်မာနိုင်ငံ၏ဖွဲနဆီစက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) မှ (၄၀%) အစုရှယ်ယာထည့်ဝင်ပြီး မြောင်းမြမြို့ရှိ ဆန်စက်ပိုင်ရှင်(၄)ဦးတို့မှ (၆၀%)ဖြင့် ပူးပေါင်း၍ တစ်နေ့လျှင် တန်(၁၀၀)ကျ ဖွဲနဆီစက်ရုံကို မြောင်းမြမြို့ ဂုန်နီစက်ရုံဝင်းအတွင်းတွင် MAPCO AYEYAR RICE INDUSTRY COMPANY (MARI) အမည်ဖြင့် (၁၃.၃.၂၀၁၇)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

အဆိုပါစက်ရုံသည် စပါးကြိတ်ရာမှ ထွက်ရှိသော ဖွဲနဆီအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချမည် ဖြစ်ပါသည်။

Company Registration Date

၅၀၀၀/၂၀၁၆-၂၀၁၇(ရက)(3.2.2017)

| | | |
|---|---|---|
| စီမံကိန်းမြေအကျယ်အဝန်း | - | 1.51 Acre |
| စီမံကိန်းတန်ဖိုး | - | USD 4 million |
| စီမံကိန်းတည်နေရာ | - | မြောင်းမြဂုန်နီစက်ရုံအတွင်း ဆိပ်ကမ်းဧရိယာ |

(၂၈ . ၁၀ .၂၀၁၇ ) Ground Breaking Ceremony ကျင်းပပြီး ဖြစ်ပါသည်။

3.2.2017

- Set up MAPCO AYEYAR RICE INDUSTRY COMPANY
- Joint Venture between MAPCO (40%) and Myaung Mya Rice Miller (4) persons (60%)

13.3.2017

- Set up MYAUNG MYA FM BIOMASS POWER COMPANY LIMITED.
- Joint Venture between MAPCO (20%) and Fujita Corporation Ltd (Japan) (80%)





# Myaung Mya FM Biomass Power Co., Ltd. (MFM) ဖွဲ့စည်းဆောင်ရွက်မှု

စပါးခွံမှ လျှပ်စစ်ဓာတ်အား (၁.၆)မဂ္ဂါဝပ် ထုတ်လုပ်မည့် 1.6 MW Husk Fired Power Plant စီမံကိန်းကို ဂျပန်နိုင်ငံ FUJITA ကုမ္ပဏီနှင့် ပူးပေါင်းတည်ထောင်ထား သော Myaung Mya FM Biomass Power Co., Ltd. အနေဖြင့် မြောင်းမြဂုန်နီစက်ရုံဝင်းအတွင်းတွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါသည်။ စီမံကိန်းတွင် စပါးခွံအားလောင်စာအဖြစ်အသုံးပြု၍ လျှပ်စစ်ဓါတ်အားထုတ်လုပ်ပြီး ဒေသတွင်းပြန်လည်ဖြန့်ဖြူး၍ လျှပ်စစ်သုံးစွဲနိုင်မှု ပိုမိုတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

| MAPCO | + | FUJITA (Daiwa House Group) | → | MFM BIOMASS POWER |
|---|---|---|---|---|
| 20% | | 80% | | 100% |


1.6 MW Husk Fired Power Plant (Myaung Mya)

| | |
|---|---|
| Company Registration Date | = ၁၃.၃.၂၀၁၇ |
| Myaung Mya MF Biomass Power ကုမ္ပဏီ စတင်တည်ထောင်သောရက်စွဲ | = ၁၃.၃.၂၀၁၇ |
| စီမံကိန်းမြေအကျယ်အဝန်း | = ၁.၇၆ ဧက |



စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

- Topographic Survey ဆောင်ရွက်ပြီးဖြစ်ပါသည်။
- Soil Test ဆောင်ရွက်မှုပြီးစီးပြီဖြစ်ပါသည်။
- စီမံကိန်းဧရိယာအတွင်းသဲမှုတ်ခြင်း၊ မြေကြီးဖို့ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။
- စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စက်ရုံတည်ဆောက်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (4.10.2017)ရက်နေ့တွင် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်။
- (၂၈.၁၀.၂၀၁၇) ရက်နေ့တွင် Ground Breaking Ceremony ကျင်းပပြီးစီးပြီးဖြစ်ပါသဖြင့် တည်ဆောက်ရေးလုပ်ကိုင်လျက်ရှိပါသည်။

# ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးအခြေခံ Agri Food Park တည်ထောင်ရင်းနှီးမြှုပ်နှံမှု

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြောင်းမြဂုန်လျှော်စက်ရုံဧရိယာ၏ မြေလွတ်နေရာများကို အကျိုးရှိစွာ အသုံးချရန် ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေး အခြေခံစက်မှုဇုန်ကို ဖော်ထုတ်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ အဆိုပါ စက်မှုဇုန်တည်ထောင်ရင်နှီးမြှုပ်နှံရခြင်း၏ ရည်ရွယ်ချက်များမှာ -

(၁) စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များအား တန်ဖိုးမြှင့်တင်ထုတ်လုပ်ခြင်းဖြင့် ပို့ကုန်တိုးမြှင့်နိုင်ခြင်း၊ သွင်းကုန်အစားထိုးနိုင်ခြင်းတို့ကို အကျိုးပြုဖော်ဆောင်ရန်။

(၂) ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကျိုးပြုနိုင်ရန်။

(၃) စက်မှုဇုန်အတွင်း အသက်မွေးဝမ်းကျောင်းပညာသင်လေ့ကျင့်ရေးသင်တန်းများ ထည့်သွင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်ကျွမ်းကျင်လုပ်သားမွေးထုတ်ရေးကို အကောင်အထည်ဖော်ဆောင်ရန်။

(၄) လယ်ယာကဏ္ဍကိုအခြေခံသောစက်မှုလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား (SME) လုပ်ငန်းများအတွက် လိုအပ်သောမြေအသုံးချမှုကို သင့်တော်သောဈေးနှုန်းဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်လာစေရန်။

(၅) ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးနေသော စက်မှုဇုန်အဖြစ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မှုမှ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်။

ဖော်ပြပါစီမံကိန်းကို ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် MAPCO တို့အကြား ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ရရှိထားသော မြေ (၃၃၄.၇၂) ဧက အတွင်းမှ စီမံကိန်းလျာထားမြေဧရိယာ(၂၆၀.၂၂)ဧကကိုမြေယာဖော်ထုတ်မည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် လယ်ယာစိုက်ပျိုးရေး အခြေခံစက်မှုဇုန်ကို တည်ထောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သို့ တင်ပြလျောက်ထားလျက်ရှိပါသည်။

**စီမံကိန်းလျာထားဧရိယာ၊ မြေကွက်အရေအတွက် နှင့်လုပ်ငန်းအမျိုးအစားများ**

| | |
|---|---|
| စုစုပေါင်းမြေဧရိယာ | • (၃၃၄.၇၂ ဧက) |
| စီမံကိန်းလျာထားမြေဧရိယာ | • (၂၆၀.၂၂ ဧက) |
| လျာထားမြေကွက်အရေအတွက် | • (၁၂၈) ကွက် |
| ကုန်ထုတ်လမ်းဖောက်လုပ်အသုံးပြုမှု | • (၅၆.၈၃ ဧက) |

| | | |
|---|---|---|
| 1. Administration & Services Utilities<br>စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | 7.601 Acre + (Existing Area) | 5 Plots |
| 2. Integrated Rice Complex Project & Agro - Industries<br>ပေါင်းဆန်နှင့် ဆန်ဖြူအဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း နှင့် စိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်ရေးစက်ရုံများ | 92.707 Acre | 59 Plots |
| 3. Bean, Corn & Sesame Processing Factories<br>ပဲ၊ ပြောင်း၊ နှမ်း သန့်စင်ကြိတ်ခွဲစက်ရုံများ | 31.127 Acre | 27 Plots |
| 4. Cold Storage Processing & Livestock Factories<br>အအေးခန်းစက်ရုံနှင့် မွေးမြူရေးအစာစက်ရုံများ | 21.264 Acre | 15 Plots |
| 5. CMP Garment Factory<br>အထည်ချုပ်လုပ်ငန်းစက်ရုံ | 21.66 Acre | (All Existing Building) |
| 6. Logistic & Transportation Area & Oil Depot<br>သယ်ယူပို့ဆောင်ရေးနှင့် စက်သုံးဆီတင်ချဆိပ်ကမ်း | 30.037 Acre | 22 Plots |










# ၂၀၁၇ ခုနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ စတင်သည့် Ground Breaking Ceremony အခမ်းအနားများ

## သွင်းကုန်အစားထိုး Agri First Company Limited

Agri First Co., Ltd (AFC) သည် MAPCO ၊ ဂျပန်နိုင်ငံ Mitsui & Co., Ltd နှင့် ဒေသတွင်းရုံးခွဲကို မလေးရှားနိုင်ငံ တွင်ဖွင့်ထားပြီး ဂျာမနီနိုင်ငံတွင် အခြေစိုက်သော Behn Meyer Agri Care တို့ ကျိုးတူပူးပေါင်းဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။ Agri First Co., Ltd (AFC) ၏ ဓါတ်မြေဩဇာစက်ရုံတည်ဆောက်ရန် ပန္နက်တင်နှင့် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို (၁၅.၃.၂၀၁၇) ရက်နေ့တွင် အမှတ် D6-D7၊ ဇုန် (A)၊ သီလဝါအထူးစီးပွားရေးဇုန်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၎င်းဓါတ်မြေဩဇာစက်ရုံမှာ အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး ရင်းနှီးမြုပ်နှံဆောင်ရွက်သည့် FDI for Import Substitution Project ဖြစ်ပြီး ပြည်တွင်းဓါတ်မြေဩဇာလိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်လုပ်မှုတိုးစေရန် ရည်ရွယ်၍နိုင်ငံတကာအဆင့်မီစက်ရုံတည်ဆောက်ရန် ရည်ရွယ်ပါသည်။ ဤစီမံကိန်းဆောင်ရွက်သော Agri First Co., Ltd တွင် MAPCO မှ အစုရှယ်ယာ ၄၀% ထည့်ဝင်ထားပါသည်။








## စွန့်ပစ်စပါးခွံမှ လျှပ်စစ်ထုတ်မည့် MFM၊ ဖွဲနုမှ စားသုံးဆီထုတ်မည့် MARI

MAPCO နှင့် ဂျပန်နိုင်ငံ Fujita Company တို့ ပူးပေါင်းတည်ထောင်ထားသော Myaung Mya FM Biomass Power Plant Co.,Ltd (MFM)၊ MAPCO နှင့် မြောင်းမြစက်ပိုင်(၄)ဦးတို့ ပူးပေါင်းတည်ထောင်ထားသော MAPCO Ayeyar Rice Industry Co.,Ltd (MARI) တို့၏ မြေသန့်မင်္ဂလာပြုလုပ်ပွဲကို (၂၈.၁၀. ၂၀၁၇)ရက်နေ့တွင် မြောင်းမြဂုန်နီစက်ရုံအတွင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းနှင့် အစိုးရအဖွဲ့ဝင်လူကြီးများ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MAPCO မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ MARI မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ Fujita Company မှ တာဝန်ရှိသူများ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ဝန်ကြီးမှ အမှာစကားပြောကြားခြင်း၊ MAPCO ၏ EBOD ဦးသောင်းဝင်းမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောခြင်း၊ Fujita ကုမ္ပဏီမှ Power Plant တည်ဆောက်မည့် စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းများပြုလုပ်၍ အခမ်းအနားကို နံနက် (၁၁)နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

ညနေပိုင်းတွင် စီမံကိန်းနှင့်ပတ်သက်၍ (Environmental Management Plan–EMP) ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများအား ရှင်းလင်းတင်ပြမှုများ ကျင်းပပြုလုပ်ခဲ့ပါသည်။







# နိုးထလာသော မြန်မာ့ဆန်စျေးကွက်နှင့်အတူ လိုက်ပါဖွံ့ဖြိုးလာတော့မည့် MAPCO ၏ အဆင့်မြင့် ဆန်များ ထုတ်လုပ်တင်ပို့ရောင်းချမှု

MAPCO အနေဖြင့် စတင်တည်ထောင်ဖွဲ့စည်းစဉ်ကတည်းက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် MAPCO တွင် ရင်းနှီးပါဝင်မြှုပ်နှံသော အစုရှယ်ယာရှင်များအတွက်ခိုင်မာမှန်ကန်သော ရေရှည်အကျိုးစီးပွားဖော်ဆောင်ရေးကို အဓိကထားဆောင်ရွက်ခဲ့ပါသည်။ လယ်ယာကဏ္ဍတွင် MAPCO ၏ စွမ်းဆောင်မှုဖြင့် တောင်သူများအနေဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို ရင်းနှီးတွင်ကျယ်စွာ အသုံးပြုလာသည်ကို မြင်တွေ့နေရပါသည်။ ထို့ပြင် ပြည်ပဆန်တင်ပို့မှုလည်း ယခင်အိပ်ပျော်ရာမှ ပြန်လည်နိုးထလာပြီး ရွှေရောင်လွှမ်းသည့် အခြေအနေသို့ ပြန်လည်ရောက်ရှိလာတော့မည့် အခြေအနေဖြစ်ပါသည်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပဆန်တင်ပို့မှုသည် ဘဏ္ဍာနှစ်မကုန်မီ အချိန်တွင် တန်ချိန် (၂) သန်းကျော် တင်ပို့နိုင်ခဲ့ပြီ ဖြစ်ပါသည်။

MAPCO အနေဖြင့်လည်း အရည်အသွေးမြင့်သည့် ဆန်များ ပြည်ပတင်ပို့ရေးနှင့် စျေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်စျေးကွက် ချဲ့ထွင်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ MAPCO မှ ၂၀၁၇ ခုနှစ်၊ မေလတွင် ဖွင့်လှစ်ခဲ့သည့် အဆင့်မီကြိတ်ခွဲနိုင်သည့် MGL ကျိုက်လတ်နှင့်နေပြည်တော်ဆန်စက်တို့မှလည်း တန်းမြင့်၊ တန်းလတ်ဆန်များကို ကြိတ်ခွဲပြီး EU နှင့် China စျေးကွက်များသို့ တင်ပို့ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုကဲ့သို့ ဆန် ပြည်ပတင်ပို့မှု ရွှေရောင်လွှမ်းသည့်ကာလကို ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်ပပို့ကုန်တင်ပို့မှုတွင် အရည်အသွေးကောင်းမွန်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ MAPCO ၏ တည်ဆောက်ပြီး/တည်ဆောက်ဆဲ ဆန်စက်ကြီးများသည် ခေတ်မီဆန်စက် ကြီးများဖြစ်ပြီး ISO, HACCP စသော လက်မှတ်များ ရယူ၍ နိုင်ငံတကာစျေးကွက်သို့ ထိုးဖောက်ရောင်းချမည်ဖြစ်ပါသည်။

ထို့ပြင် ဆန်စပါးလုပ်ငန်းဌာနအနေဖြင့် ယခု ၂၀၁၇ ခုနှစ်မှ စ၍ "MJ RICE" အမှတ်တံဆိပ်ဖြင့် အရည်အသွေးမြင့် ပေါ်ဆန်းမွှေးဆန်၊ ရှမ်းဆန်၊ ကောက်ညှင်းဆန်၊ ပေါင်းဆန်နှင့် ဆန်လုံးညိုများကို 500g, 1kg, 2.5kg, 10kg နှင့် 25kg ဝင်အိတ်များဖြင့် နိုင်ငံတကာစံချိန်မီ ထုပ်ပိုးကာ ပြည်တွင်းစျေးကွက်အတွင်း လက်လီ၊ လက္ကား ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

MAPCO အနေဖြင့် မကြာမီ ဖွင့်လှစ်မည့် တွံတေးဆန်စက်အပါအဝင် ကုမ္ပဏီပိုင်စက်များမှ ထွက်ပေါ်လာမည့် အရည်အသွေးမြင့်ဆန်များကို ပြည်ပတင်ပို့ပြီး တစ်နှစ်လျှင် ဆန်တန်ချိန် (၁)သိန်း တင်ပို့နိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။






# Rice Export by MAPCO




| | 2012-2013 | 2013-2014 | 2014-2015 | 2015-2016 | 2016-2017 | 2017-2018 |
|---|---|---|---|---|---|---|
| MT | 53960 | 29646 | 18934 | 23400 | 13635 | 14267 |
| USD | 17267 | 9487 | 6875 | 8467 | 4514 | 4509 |

## Rice Buyer Countries 2017~2018




## Rice Buyer Countries 2012 ~ 2017



# MTSH တွင် ရင်းနှီးမြှုပ်နှံမှုမှ နှစ်စဉ်အမြတ်ဝေစုရရှိခြင်း

မြန်မာသီလဝါအက်စ်အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက်(MTSH)တွင် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) အနေဖြင့် ကနဦးရင်းနှီးမြှုပ်နှံတည်ထောင်သူ နိုင်ငံသားအများပိုင်ကုမ္ပဏီ (၉)ခုအနက် တစ်ခုအဖြစ် ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

မူလတည်ထောင်သူ ကုမ္ပဏီတစ်ခုအနေဖြင့် အစုရှယ် ယာတစ်စုလျှင် ၁၀၀၀ဝိ/- (ကျပ်တစ်သောင်းတိတိ) ဖြင့် အစုရှယ်ယာပေါင်း ၁၉၅၀၀၀ ၊ ငွေပမာဏ ၁,၉၅၀,၀၀၀,၀၀၀ (ကျပ်သန်း ပေါင်းတစ်ထောင့် ကိုးရာ့ငါးဆယ်တိတိ) ကို ၂၀၁၃ ခုနှစ်တွင် ထည့်ဝင်ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ယင်းမြှုပ်နှံမှုအပေါ် အမြတ်ဝေစုအဖြစ် နှစ်စဉ်ရရှိလျက်ရှိပါသည်။ MTSH ကို YSX တွင် Listed ပြုလုပ်ချိန်က အစုရှယ်ယာ (၅၀၀၀) စု ရောင်းချပေးခဲ့ရသဖြင့် MAPCO အနေဖြင့် အစုရှယ်ယာပေါင်း (၁၉၀၀၀၀) ကို ယနေ့အချိန်တွင် ပိုင်ဆိုင်ထားပါကြောင်း အစီရင်ခံအပ်ပါသည်။

# အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့ရောင်းချထားမှုမှ ငွေရရန်ကျန်ရှိမှု အခြေအနေ

မြန်မာ့တန်းမြင့်နှင့် တန်းလတ်ဆန်များအား အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရအကြား ရေးထိုးထားသော MoU အား အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံဘက်မှ MAPCO သည် Lead Exporter အဖြစ် ဦးဆောင်ပါဝင်ခဲ့ပြီး ပြည်တွင်းကုမ္ပဏီ (၁၁) ခုဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ စာချုပ်ပါ တန်ချိန် (၂၀၀၀၀) အနက်မှ တန်ချိန် (၁၃၇၇၅) ကို (၁၅.၃.၂၀၁၆) ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ Teanjung Perk, Surabaya ဆိပ်ကမ်းသို့ တင်ပို့နိုင်ခဲ့ပါသည်။

MAPCO အနေဖြင့် သင်္ဘောတင်ပို့မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း နှစ်နိုင်ငံအစိုးရအကြား ဆောင်ရွက်ရမည့် အပင်ပိုးမွှားရောဂါနှင့် ပတ်သက်သောကိစ္စများ၊ ဓါတ်ခွဲခန်းကိစ္စများ၊ အရည်အသွေးစစ်ဆေးမှု ကိစ္စများ ပြီးပြတ်မှုမရှိသေးသောကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိသွားသော ဆန်များသည် ဆိပ်ကမ်းမှ ထုတ်ယူနိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရပါသည်။ အဆိုပါ လုပ်ငန်းများ ဖြေရှင်းဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံဘက်တွင် ရွေးကောက်ပွဲ ကျင်းပပြီးစီး၍ အစိုးရအကူး အပြောင်းကာလဖြစ်ခြင်း၊ နှစ်သစ်ကူးသင်္ကြန်ပိတ်ရက်ရှည် အချိန်ကာလဖြစ်ခြင်းအပြင် အင်ဒိုနီးရှားနိုင်ငံတွင်လည်း ဝန်ကြီးဌာန(၁၃)ခုမှ ဝန်ကြီးများအား အပြောင်းအလဲပြုလုပ်ပြီး ဝန်ကြီးအသစ်ထပ်မံခန့်အပ်ခြင်းတို့နှင့် တိုက်ဆိုင်နေသည့်အတွက် လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် နောက်ကြောင်းပြန်ရှင်းလင်းတင်ပြနေရ၍ အချိန်ကြန့်ကြာနေပြီး မပြီးပြတ်နိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ MAPCO အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊ မြန်မာနိုင်ငံအစိုးရဝန်ကြီးဌာနများအား မေတ္တာရပ်ခံပြီး ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသောဆန်များသည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လဆန်းတွင် ဆိပ်ကမ်းမှ ထုတ်ယူနိုင်ခဲ့ပါသည်။ ကုန်ထုတ်ယူချိန်တွင် ကုန်ပစ္စည်းများ၏ အရည်အသွေးမှာ ကောင်းမွန်ပြီး Bulog အနေဖြင့် လက်ခံခဲ့ပါသည်။

ထိုသို့ ကုန်ထုတ်ယူနိုင်ခဲ့သော်လည်း ကုန်ပစ္စည်းများအား ဆိပ်ကမ်းမှ သတ်မှတ်ထားသည့် ခွင့်ပြုသည့်ကာလအတွင်း အချိန်မီ ထုတ်ယူနိုင်ခြင်းမရှိသည့်အတွက် ဆိပ်ကမ်းတွင် သိုလှောင်ထားရှိမှုနှင့် ဆိပ်ကမ်းဆိုင်ရာ စရိတ်စက အဖြစ် USD 2.5 Million ကို ကုန်ဝယ်သူ Bulog မှ မိမိတို့ရရန်ရှိသည့် ကုန်ဘိုးငွေများထဲမှ ဆိုင်းငံ့ထားခဲ့ပါသည်။ အဆိုပါ ဆိုင်းငံ့ထားရှိသည့် ပမာဏအနက် ထိုက်သင့်သော ငွေပမာဏကိုသာ ဖြတ်တောက်ပြီး ကျန်ငွေကို MAPCO အားပြန်လည်ပေးချေရေးအတွက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအထိ နှစ်နိုင်ငံသံရုံးများ၏ အကူအညီဖြင့်လည်းကောင်း၊ စီးပွားကူးသန်းဝန်ကြီးဌာန၏ ကူညီညှိနှိုင်းပေးမှု ဖြင့်လည်းကောင်း ဆက်လက်ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ အဆိုပါ ကိစ္စရပ်များအား ပြီးပြတ်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံဘက်မှ စီးပွားကူးသန်းဝန်ကြီးဌာန၊ ကုန်ဝယ်သူ Perum Bulog နှင့်လည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သံရုံးများနှင့် ပေါင်းစပ်ပြီး အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းတစုံတရာ ထူးခြားခြင်းမရှိသေးသဖြင့် MAPCO အနေဖြင့် ပုံစံတစ်မျိုးဖြင့် ပြောင်းလဲချဉ်းကပ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ အင်ဒိုနီးရှား- မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးကိုပါ ချင့်ချိန် ဆောင်ရွက်ရသဖြင့် လုပ်ငန်းမတွင်ကျယ်မှုအပေါ် ပြောင်းလဲဆောင်ရွက်သည့် ချဉ်းကပ်မှုသည် ရလဒ်ထွက်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ယခုကိစ္စသည် အတိုင်းအတာပမာဏအားဖြင့် အလွန်ကြီးမားပြီး MAPCO ၏ YSX Listing Process တွင် ပါဝင်သက်ရောက်မှုရှိနေပါသဖြင့် ဒါရိုက်တာအဖွဲ့အနေဖြင့် အထူးဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ထုတ်ဖော်အသိပေးအပ်ပါသည်။

# အမည်ဖော်ပြတိုင်ကြားခြင်း၊ အမည်ဖော်ပြခြင်း မပြုလုပ်ဘဲ တိုင်ကြားခြင်း (Whistle-blowing) ဆိုင်ရာ မူဝါဒထုတ်ပြန်

MAPCO တွင် တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာပိုင်းနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုအပိုင်းတို့တွင် ချိုးဖောက်မှုများရှိပါက တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားသူကို အပြည့်အဝ အကာအကွယ်ပေးမည်ဖြစ်ကြောင်း Whistle-blowing Policy ကို ထုတ်ပြန်ထားရှိပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် စတင်ကျင့်သုံးမည် ဖြစ်ပါသည်။



(i) chairman@mapco-ygn.com
(ii) md@mapco-ygn.com
(iii) bod@mapco-ygn.com



## ASC စင်တာများနှင့် ပူးတွဲ၍ စက်သုံးဆီအရောင်းဆိုင် (DENKO) ဖွင့်လှစ်ရန်ဆောင်ရွက်ခြင်း

MAPCO ၏ ဟသ်ာတ၊ လက်ပံတန်း၊ ရွှေတောင်၊ ကျိုက်လတ် စသော ASC စင်တာများရှိ မြေလွတ်နေရာများတွင် DENKO ဆီဆိုင်အား ဖိတ်ခေါ်၍ စက်သုံးဆီအရောင်းဆိုင်များကို ၅၀%-၅၀% ရာခိုင်နှုန်းဖြင့် တည်ဆောက်ဖွင့်လှစ်ရန် ဆောင်ရွက်ထားပါသည်။ MAPCO ၏ ထွန်စက်များ၊ ရိတ်စက်များအတွက် အရည်အသွေးမီသော စက်သုံးဆီကို လေလွင့်ဆုံးရှုံးမှု မရှိစေဘဲ ဈေးနှုန်းမှန်၊ အခြင်အတွယ်မှန်စွာဖြင့် ရရှိနိုင်ရေးကိုလည်းကောင်း၊ ကျေးလက်ဒေသတွင်း စက်သုံးဆီရောင်းချဖြန့်ဖြူးရေးကို နိုင်ငံတကာအဆင့်မီ DENKO ဆီဆိုင်အား ဖိတ်ခေါ်ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုနိုင်ရန်အတွက်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်နှင့် ပုံမှန်ဝင်ငွေရရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။




လက်ပံတန်း(DENKO)ဆီဆိုင်



ဟသ်ာတ(DENKO)ဆီဆိုင်

ဆန်စက်လုပ်ငန်းဖွံ့ဖြိုးမှုသည်နိုင်ငံတစ်နိုင်ငံ၏ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးမှုနှင့်အခြေအနေပေါ်တွင်များစွာမှီတည်နေပါသည်။ မြန်မာနိုင်ငံတွင် ၁၉၃၄ ခုနှစ်တွင် ဆန်တန်ချိန် ၃.၅၉၉ သန်း တင်ပို့စဉ်က ရန်ကုန်မြို့၊ ခနောင်တိုတွင် တန် (၁၀၀၀) ဆန်စက်အထိ ရှိခဲ့ဖူးပါသည်။ ကမ္ဘာ့ဆန်ဈေးကွက်တွင် (၅၅)ရာခိုင်နှုန်းခန့် အထိ စိုးမိုးနိုင်ခဲ့ပါသည်။ စစ်အတွင်းဆန်စက်ကြီးများ ဖျက်ဆီးခံခဲ့ရသော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း SAMB ခေတ်တွင် မြန်မာပြည်အနှံ့ဆန်စက်များ ပြန်လည်ဖွံ့ဖြိုးခဲ့ပါသည်။ ဂျာမဏီ၊ အင်္ဂလန်နိုင်ငံမှ ဆန်စက်နှင့်ဘွိုင်လာအင်ဂျင်များကို အစုံလိုက်မှာယူတပ်ဆင်လည်ပတ်သူများ ရှိသကဲ့သို့ ပြည်တွင်းဆန်စက်ပစ္စည်းထုတ်လုပ်မှုသည်လည်း ဖွံ့ဖြိုးခဲ့ပါသည်။

၁၉၆၂ ခုနှစ် နောက်ပိုင်း ပြည်သူပိုင်သိမ်းခဲ့စဉ်က ဆန်စက်များကို သိမ်းယူခြင်းမပြုခဲ့သော်လည်း၊ ပြည်တွင်းစားသုံးမှုကိုသာ အဓိကထားသော ဆန်စပါးလုပ်ငန်းဖြစ်လာသဖြင့် ပုဂ္ဂလိက

# မြန်မာ့ဆန်စက်လုပ်ငန်း နှင့်

# MAPCO E&C



ဆန်စက်များ ဖွံ့ဖြိုးမှုကျဆင်းလာခဲ့ပါသည်။ အစိုးရစပါးနှင့်လယ်သမားဝမ်းစာ စပါးကိုသာ နဝလီစက်ခဖြင့် ကြိတ်ခွဲခွင့်ရရှိခဲ့ကြပါသည်။ ထိုကာလအတွင်း အစိုးရပိုင် ဆန်စက်အသစ်များကို တိုးချဲ့တည်ဆောက်ခဲ့သဖြင့် တန်(၁၀၀)ဆန်စက်များ တိုးတက်လာသော်လည်း ပုဂ္ဂလိကပိုင်တွင် တန်ကျငယ်သော ဆန်စက်များဖြင့်သာ ဆက်လက်ရပ်တည်ခဲ့ကြရပါသည်။

၂၀၀၃ ခုနှစ်နောက်ပိုင်း ပြည်ပဆန်ဝယ်ပို့မှုမှာ ကွက်ကွက်ကလေးသာဖြစ်ခဲ့ပြီး ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် ပုဂ္ဂလိကပိုင်မှ ပိုမိုဝယ်ခွင့်ရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း ဈေးကွက်လိုအပ်ချက်အရ အဆင့်မြင့်ဆန်များ ပိုမိုလိုအပ်လာသဖြင့်၊ ဆန်စက်များတွင် Wet Polisher နှင့် Color Sorter များ ပိုမိုတပ်ဆင်လာကြပါသည်။ သို့ရာတွင် ဆန်စက်ငယ်များသာ များပြားနေသေးသဖြင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် အရည်အသွေးနှင့်ပက်သတ်၍ မျက်နှာငယ်ခဲ့ရပါသည်။ ဤအဓိကလိုအပ်ချက်ကို မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) က ကောင်းစွာသဘောပေါက်နားလည်သဖြင့် ခေတ်မီဆန်စက်ကြီးများ တည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ခေတ်မီဆန်စက်များတည်ဆောက်နိုင်ရန်အတွက် စက်မှုပိုင်းဆိုင်ရာ စက်ရုံနှင့်ကျွမ်းကျင်ပညာရှင်အင်ဂျင်နီယာများ စုစည်းလျှက် တည်ထောင်ခဲ့ပါသည်။

**ဦးတည်ချက်**

ဆန်စပါးအပါအဝင် လယ်ယာသီးနှံထွက်ကုန်များအား ရိတ်သိမ်ချိန်နောက်ပိုင်းတွင် သိုလှောင်ခြင်း၊ ပြုပြင်ကြိတ်ခွဲသန့်စင်ခြင်း၊ တန်ဖိုးမြှင့်တင်ခြင်း၊ ထုတ်ပိုးခြင်းစသည်ဖြင့် ခေတ်မီနည်းပညာများနှင့် ခေတ်မီစက်ကိရိယာများကို အသုံးချပြီး အဆင့်ဆင့်လုပ်ဆောင်ရသောအပိုင်းတွင် ဒီဇိုင်းရေးဆွဲရေးနှင့် တည်ဆောက်ရေး၊ စက်များတပ်ဆင်ရေး၊ စမ်းသပ်မောင်းနှင်ရေးနှင့် ပြုပြင်





ထိန်း သိမ်းရေးစသော အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာကိစ္စများကို ဝန် ဆောင်မှုပေးနိုင်ရန်အတွက် MAPCO E&C အားဖွဲ့စည်းတည် ထောင်ထားခြင်း ဖြစ်ပါသည်။

**MAPCO E&C ၏ ဆောင်ရွက်ချက်များ**

၁။ MAPCO (နေပြည်တော်) ခေတ်မီတန်(၁၂၀)ဆန်စက်၊ စပါး ပေါင်းစက်၊ စပါးအခြောက်ခံစက်များ၊ ဆိုင်လိုများတည်ဆောက် ပေးခဲ့ပါသည်။

၂။ MAPCO Golden Lace Co.,Ltd ၏ ကျိုက်လတ် IRCP အတွက် ခေတ်မီဆန်စက်၊ တန်(၂၀၀) စပါးပေါင်းစက်၊ တန် (၅၀၀) စပါးဆိုင်လို (၄)လုံး၊ 2.2 MW စပါးခွံလောင်စာသုံး ဘွိုင်လာ၊ တာဘိုင်လျှပ်စစ်ထုတ်လုပ်စက်နှင့် မြစ်ရေသန့်စင် စက်ရုံများကို တည်ဆောက်ပေးခဲ့ပါသည်။

၃။ ပြည်ပမှ မှာယူတင်သွင်း ဖြန့်ဖြူးပေးခဲ့သော ခေတ်မီစပါး ပေါင်းစက်များနှင့် ကိုရီးယားနိုင်ငံလုပ် ခေတ်မီစပါးအခြောက် ခံစက်များကို မြန်မာပြည်အနှံ့လိုက်လံတပ်ဆင်တည်ဆောက် ပေးလျှက်ရှိပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် MAPCO နှင့် MITSUI (JAPAN) တို့ ပူးပေါင်းဆောင်ရွက်မည့် Intergrated Rice Complex Project (IRCP) အတွက်ဆန်စက်၊ သိုလှောင် ရုံ ဆိပ်ခံတံတားလမ်းများ၏ ဒီဇိုင်းလုပ်ငန်းများကို MAPCO E&C မှ ဦးဆောင် ဆောင်ရွက်လျှက်ရှိပါသည်။

၅။ MAPCO (နေပြည်တော်) တွင် တည်ဆောက်လျှက်ရှိသော Yanmar Co.,Ltd (JAPAN) ၏ 500 KW စပါးခွံဓါတ်ငွေ့လျှပ် စစ်ထုတ်လုပ်စက် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင် ညှိနှိုင်းဆောင်ရွက်ပေးလျှက်ရှိပါသည်။

၆။ ကျိုက်လတ် (IRCP) နှင့် မြောင်းမြ Project တို့တွင် ဖွဲနုဆီစက် တည်ဆောက်နိုင်ရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးလျှက် ရှိပါသည်။

၇။ မြောင်းမြမြို့တွင် MAPCO နှင့် ဂျပန်နိုင်ငံ ဖုဂျီတာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် 1.6 MW ရေနွေးငွေ့ဘွိုင်လာ တာဘိုင် စက်တည်ဆောက်ရေးကိုလည်း ပါဝင်ညှိနှိုင်းဆောင်ရွက်ပေး လျှက်ရှိပါသည်။

၈။ တွံတေးမြို့နယ်တွင် Golden Lace DAEWOO Co.,Ltd မှ တည်ဆောက်မည့် တန်(၅၀၀) ခေတ်မီဆန်စက်တည်ဆောက် ရေး Project တွင် MAPCO E&C မှ တာဝန်ယူကြီးကြပ်ဆောင် ရွက်လျှက်ရှိပါသည်။

၉။ ဆန်စက်၊ စပါးပေါင်းစက်များအတွက် စက်ပစ္စည်းများအပြင်၊ စပါးအခြောက်ခံစက်များကိုပါ ပြည်တွင်းတွင် ထုတ်လုပ်ဖြန့် ဖြူးပေးလျှက်ရှိပါသည်။

၁၀။ ဆန်ကြိတ်ခွဲ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာပြန့်ပွားရေးအ တွက် သင်ရိုးညွှန်းတမ်းများ၊ စာအုပ်များရေးသားပြုစုခြင်း၊ သင်တန်း ၁/၂၀၁၇ တွင်လည်း MRF မှ ဖွင့်လှစ်သော ဆန်စပါး လုပ်ငန်းသင်တန်း၊ ဆန်ကြိတ်ခွဲရေး နည်းပညာသင်ကြားပို့ချ ပေးခြင်းများကို ဆောင်ရွက်ပေးလျှက် ရှိပါသည်။

**“ MAPCO E&C ၏ အားမာန်
မြန်မာ့ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်”**



# ဒေသအခြေပြုလယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း ASC များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း



မြန်မာနိုင်ငံအရပ်ရပ်ရှိ လုပ်ကွက်ငယ် တောင်သူများအတွက် ဒေသအခြေပြုလယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း (Agribusiness Services Center)များကို “One-Stop Farmer Center” ဖြစ်လာစေရန် MAPCO မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆောက်အဦးများ၊ သိုလှောင်ရုံများနှင့် နည်းပညာများ၊ စီမံခန့်ခွဲရေးမူစနစ်များသည် အချိန်ယူဒီဇိုင်းရေးဆွဲရခြင်း၊ လိုအပ်သော Steel Structure Material များအား ပြည်ပမှ မှာယူတင်သွင်းရခြင်းတို့ကြောင့် အချိန်ပိုမိုကြာမြင့်လျက်ရှိပြီး အချို့သောနေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများ မပြီးပြတ်သေးသော်လည်း စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုပေးခြင်း၊ ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓါတ်မြေဩဇာ၊ ဆေးဝါးများနှင့် သွင်းအားစုများ ပံ့ပိုးပေးခြင်း စသည်တို့ကို 4 in 1 Concept အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။




ASC စခန်းနေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများ အလုံးစုံပြီးစီးပါက စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများအပြင် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်မှ ရရှိလာသော သီးနှံများအား အခြောက်ခံဝန်ဆောင်မှုပေးခြင်း၊ သိုလှောင်ရုံဝန်ဆောင်မှုပေးခြင်း၊ ခေတ်မီဆန်စက်ဖြင့် နဝလီကြိတ်ခွဲသန့်စင်ပေးခြင်း၊ ထိုသို့ ကြိတ်ခွဲသန့်စင်ရာမှ ဘေးထွက် ပစ္စည်းအဖြစ် ထွက်ရှိလာသော စပါးခွံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း စသည့် ဝန်ဆောင်မှုများကိုပါ တိုးချဲ့လုပ်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါသည်။

**MAPCO မှ ဆောင်ရွက်နေသော ဒေသအခြေပြု လယ်ယာစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုစင်တာများ**

| စဉ် | ASC စခန်းမြို့နယ်များ | တိုင်းဒေသကြီးနှင့် ပြည်နယ် | စဉ် | ASC စခန်းမြို့နယ်များ | တိုင်းဒေသကြီးနှင့် ပြည်နယ် |
|---|---|---|---|---|---|
| ၁ | နေပြည်တော်(ပျဉ်းမနား) | နေပြည်တော် ပြည်ထောင်စုနယ်မြေ | ၁၀ | ရွှေတောင် | ပဲခူးတိုင်းဒေသကြီး |
| ၂ | တွံတေး | ရန်ကုန်တိုင်းဒေသကြီး | ၁၁ | လက်ပံတန်း | ပဲခူးတိုင်းဒေသကြီး |
| ၃ | ကော့မှူး | ရန်ကုန်တိုင်းဒေသကြီး | ၁၂ | ရမည်းသင်း | မန္တလေးတိုင်းဒေသကြီး |
| ၄ | သုံးခွ | ရန်ကုန်တိုင်းဒေသကြီး | ၁၃ | မတ္တရာ | မန္တလေးတိုင်းဒေသကြီး |
| ၅ | ကျိုက်လတ် | ဧရာဝတီတိုင်းဒေသကြီး | ၁၄ | စစ်တွေ | ရခိုင်ပြည်နယ် |
| ၆ | ဟင်္သာတ | ဧရာဝတီတိုင်းဒေသကြီး | ၁၅ | ကျောက်တော် | ရခိုင်ပြည်နယ် |
| ၇ | အင်္ဂပူ | ဧရာဝတီတိုင်းဒေသကြီး | ၁၆ | မောင်တော | ရခိုင်ပြည်နယ် |
| ၈ | မအူပင် | ဧရာဝတီတိုင်းဒေသကြီး | | | |
| ၉ | မြောင်းမြ | ဧရာဝတီတိုင်းဒေသကြီး | | | |

# ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တိုးချဲ့ဆောင်ရွက်မည့် လယ်ယာကဏ္ဍစီမံကိန်းများ

MAPCO အနေဖြင့် ၂၀၁၈-၂၀၁၉ တွင် လယ်ယာသီးနှံများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက်(က) Pineapple Production & Processing (နာနတ်သီး စိုက်ပျိုးခြင်းနှင့် အဆင့်မြှင့်စည်သွတ်စက်ရုံ) (ခ) Sweet Corn (ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အဆင့်မြှင့်ထုတ်ပိုး ပြင်ဆင်ထုတ်လုပ်ရေးစက်ရုံ (ဂ) Dwarf Coconut Plantation and Production Factory (မျိုးကောင်းမျိုးသန့် အုန်းသီး၊ အုန်းပု စိုက်ပျိုးခြင်းနှင့် အဆင့်မြှင့်ပြင်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းစက်ရုံများကို နိုင်ငံခြားမိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်နေပါသည်။

လုပ်ငန်းတည်နေရာများအနေဖြင့် နာနတ်သီးလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ပြောင်းဖူးလုပ်ငန်းကို နေပြည်တော်တွင်လည်းကောင်း၊ အုန်း ကို ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် စိုက်ပျိုးရေးနှင့် စက်ရုံတည်ဆောက်ရေးအတွက်လိုအပ်သော မြေနေရာရရှိရေးကိစ္စများဆောင်ရွက်နေပြီး၊ မကြာမီအချိန်အတွင်း နိုင်ငံခြားမိတ်ဖက်အဖွဲ့များနှင့် စတင်ဆောင်ရွက်တော့မည် ဖြစ်ပါသည်။

ကနဦးအနေဖြင့် MAPCO မှ ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဌာနအကြီးကဲများနှင့် နိုင်ငံခြားမိတ်ဖက်အဖွဲ့များမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနအကြီးကဲများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အားတွေ့ဆုံပြီး စီမံကိန်းများနှင့် ပတ်သက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းကိစ္စများအပေါ် တွေ့ဆုံတင်ပြထားပြီးဖြစ်ပါသည်။









# တောင်သူများအား လေ့လာရေးခရီးပို့ဆောင်ပေးခြင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်များရှိ(ASC)စခန်းဝန်းကျင် တောင်သူလယ်သမား များအား ခေတ်မီစိုက်ပျိုးရေးအသိပညာများ တိုးတက်ရရှိစေရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၏ ဆက်နွယ်မှုသဘောတရားများကို သိရှိစေရန်အပြင် MAPCO ၏ လုပ်ငန်းရည်ရွယ်ချက်၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား သိရှိစေရန် ရည်ရွယ်၍ နေပြည်တော်၊ ကျိုက်လတ်၊ တွံ့တေးမြို့နယ်များရှိ ASC စခန်းများ၊ ခေတ်မီဆန်စက်များ၊ ကန်ထရိုက်လယ်ယာ/အဆင့်မြင့် လယ်ယာလုပ်ငန်းများသို့ လေ့လာရေးခရီးစဉ်ကို (၀၈.၀၉.၂၀၁၇) ရက်နေ့မှ (၁၀.၀၉.၂၀၁၇)ရက်နေ့အထိ စီစဉ်ပို့ဆောင်ပေးခဲ့ပါသည်။










# MAPCO-MRF-CITIC သုံးပွင့်ဆိုင် MOU လက်မှတ်ရေးထိုး၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း




မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် ဆန်စပါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရရှိရန်၊ တောင်သူလယ်သမားများအား ဝန်ဆောင်မှုပေးသည့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း နှင့် သိုလှောင်မှုအခြောက်ခံမှုစသော ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီး(၁၀)ခုရှိ မြို့နယ်(၃၃)မြို့နယ်တွင် ဆောင်ရွက်ရန်အတွက် ရည်ရွယ်၍ တရုတ်နိုင်ငံ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် CITIC Group၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (Myanmar Rice Federation-MRF)နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) တို့သည် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မည့် MoU လက်မှတ်ရေးထိုးခြင်း အခမ်းအနားအား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့ရှိ ပဏာမရွေးချယ်ထားသောဒေသမြို့နယ်များတွင် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းအပေါ် ဆန်းစစ်တွက်ချက်မှု (Economic Assessment) များကို (၄)လအတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး တွေ့ရှိချက်များအပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။





# သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်တိုးမြှင့်ခြင်းကို အထောက်အကူပြုမည့် ဖွဲနုဆီစက်ရုံများ




"ဖွဲနုဆီထုတ်လုပ်မှု တစ်ခေတ် ပြန်ဆန်းသစ်ရမည်"ဆိုသော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတွင် တစ်ခေတ်တစ်ခါကတွင်ကျယ်ခဲ့ပြီး ယနေ့ခေတ်ကာလတွင် ကွယ်ပျောက်နေသော ဖွဲနုဆီ ထုတ်လုပ်မှုကို MAPCO အနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ဖွဲနုဆီ၊ ပဲဆီ၊ နှမ်းဆီကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်ပါလျက် ပြည်ပမှတင်သွင်းသော ဆီများကို ဝယ်ယူသုံးစွဲနေရသည့် အခြေအနေကို ကုစားနိုင်ရန်အတွက် သွင်းကုန်အစားထိုးအဖြစ်လည်းကောင်း၊ ပြည်ပပို့ကုန်အဖြစ်လည်းကောင်း၊ ထုတ်လုပ်နိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

MAPCO ဆန်စက်များ၏ စပါးကြိတ်ခွဲခြင်းမှ ထွက်ရှိလာသော ဖွဲနုမှတဆင့် ဖွဲနုဆီထုတ်လုပ်နိုင်ရန် ကျိုက်လတ်၊ မြောင်းမြနှင့် တွံတေး မြို့နယ်များတွင် အကောင်အထည်ဖော်တည်ဆောက်သွားမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းကို ဂျပန်နိုင်ငံ FUKUOKA SEIYU CO.,LTD နှင့် ပူးပေါင်း၍ တစ်နေ့လျှင် တန် (၅၀)- တန် (၁၀၀) ဆီကြိမ်း စက်ရုံနှင့် တစ်နေ့ တန်(၁၀၀) အဆင့်မြင့် ဆီချောထုတ် ဖွဲနုဆီထုတ်စက်ရုံတည်ဆောက်ရန်အတွက် ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် MoU (နားလည်မှုစာချွန်လွှာ)ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ စီမံကိန်းအကြိုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

## ကိုရီးယားနိုင်ငံထုတ် သီးနှံအခြောက်ခံစက် Grain Dryer များ တင်သွင်း ရောင်းချပေးခြင်းနှင့် သီးနှံအခြောက်ခံဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးခြင်း

တိုးတက်ပြောင်းလဲလာသော ရိတ်သိမ်းခြွေလှေ့မှုနည်းစနစ်ကြောင့်လည်းကောင်း၊ ရာသီဥတုဖေါက်ပြန်မှုတို့ကြောင့်လည်းကောင်း ဆန်စပါး၊ ပဲ၊ ပြောင်းစသည့် သီးနှံများတွင် အစိုဓါတ်မြင့်မားပြီး အရည်အသွေးကျဆင်းခြင်းမှ ကာကွယ်ရန်နှင့် သီးနှံများ၏ အရည်အသွေး ပိုမိုကောင်းမွန် လာစေရန်၊ ရိတ်သိမ်းချိန်နောက်ပိုင်း လေလွင့်ဆုံးရှုံးမှုများ လျှော့ချနိုင်ပြီး တန်းမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)က ကိုရီးယားနိုင်ငံ SK Networks ကုမ္ပဏီနှင့် ပူးပေါင်းပြီး ခေတ်မီသီးနှံအခြောက်ခံစက်(Grain Dryer) ၁၂- တန်ကျ အစုံ(၅၀)နှင့် ၃၀-တန်ကျ (၁၇)စုံတို့ အားတင်သွင်းခဲ့ပြီး လက်ငင်းစနစ်၊ အရစ်ကျစနစ်တို့ဖြင့်ရောင်းချပေးလျက်ရှိပါသည်။ ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ်အထိ ၁၂တန်ကျ(Grain Dryer) စုစုပေါင်း အစုံ(၂၃)စုံ ရောင်းချထားပြီးဖြစ်ကာ ကျန်ရှိနေသော (GrainDryer)များ ဆက်လက်ရောင်းချသွားနိုင်ရေးအတွက် လက်တွေ့ကွင်းဆင်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ နည်းပညာများ မျှဝေပေးခြင်း၊ ဆန်စပါး၊ ပဲစသည့်အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ အရောင်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။ ထို့အပြင် MAPCO မှ ဆောင်ရွက်နေသော (ASC) စခန်းများတွင် ၃၀-တန်ကျ(Grain Dryer)များ တပ်ဆင်၍ သီးနှံအခြောက်ခံဝန်ဆောင်မှုပေးခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စက် ပစ္စည်းရောင်းချပေးခြင်းအပြင် စက်တပ်ဆင်ပေးခြင်း၊ မောင်းနှင်း/ကိုင်တွယ် ထိန်းသိမ်းပုံများအား နည်းစနစ်မှန်ကန်စွာအသုံးပြုတတ်အောင် နည်းလမ်းပေးခြင်း စသည့် After Sales Services အပိုင်းကိုလည်း MAPCO E&C မှ တာဝန်ယူဝန်ဆောင်မှုပေးလျက်ရှိပါသည်။





# တွံတေး (IRCP) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)အနေဖြင့် Integrated Rice Complex Project(IRCP) စီမံကိန်းများကို တစ်နှစ်လျှင် တစ်ခုနှုန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လျာထားချက်နှင့် အညီ ဆောင်ရွက်လျက်ရှိရာ နေပြည်တော် စီမံကိန်းနှင့်ကျိုက်လတ် စီမံကိန်း တို့မှာ လုပ်ငန်းလည်ပတ်လျက်ရှိပြီး တွံတေး (IRCP)စီမံကိန်းမှာ ၂၀၁၈ ခုနှစ်၊ မတ်လတွင် စီမံကိန်း ပထမအဆင့်လုပ်ငန်း စတင်လည်ပတ်နိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

Myanmar Japan Rice Industry Co.,Ltd အနေဖြင့် တွံတေး(IRCP) စီမံကိန်းကို ဂျပန်နိုင်ငံ MITSUI & Co. နှင့် ပူးပေါင်း အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါ စီမံကိန်းပထမအဆင့်တွင် SATAKE ခေတ်မီအဆင့်မြင့် ဆန်စက်၊ သီးနှံအခြောက်ခံစက်များ၊ တန်(၆၀၀၀)ဆံ့ ကုန်ကြမ်းသိုလှောင်ရုံများ၊ တန်(၃၀၀၀) ဆံ့ ကုန်ချောသိုလှောင်ရုံများနှင့် ကုန်တင်ကုန်ချ ဆိပ်ခံတံတား တို့ပါဝင်ပါသည်။ ထို့အပြင် တစ်နေ့လျှင်တန် (၁၀၀)ကျ ဖွဲနဆီစက်ရုံကိုလည်း ၂၀၁၉ ခုနှစ်တွင် အပြီးတည်ဆောက်သွားရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။



တွံတေး (Integrated Rice Complex Project) စီမံကိန်း



Phase 1 အဆောက်အဦးဒီဇိုင်းပုံစံများ



တွံတေး(Integrated Rice Complex Project)စီမံကိန်းအကောင်အထည်ဖော်မှု မှတ်တမ်းဓါတ်ပုံများ

# တွံတေးတူးမြောင်းဖြတ်ကျော် လျှပ်စစ် Tower တိုင်သွယ်တန်း တည်ဆောက်ရန် လိုအပ်သော မြေနေရာ ဝယ်ယူဆောင်ရွက်ခြင်း




## တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာအမှတ် (၂)ရိုးတူးဖော်ခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာကို နှစ်စဉ်မိုးရာသီတိုင်း ရေဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ရန်အတွက် အမှတ်(၂) ရိုး အလျား(၁)မိုင်၊ အနံ(၁၀)ပေ၊ အနက်(၅)ပေ (လုပ်ငန်းတန်ဖိုး ၁,၇၅၀,၀၀၀/-) ကို (၁၀.၂.၂၀၁၇)ရက်နေ့တွင် တူးဖော်ဖောက်လုပ်ပေးခဲ့ပါသည်။





# Grain Terminal & Logistic Services at Thilawar Plot 28

MAPCO ၏သီလဝါအကွက် (၂၈)အား မူလက Grain Terminal အဖြစ်တည်ဆောက်ရန် ကပ်လျက်ရှိသော အကွက်အမှတ်(၂၇)(၂၉) တို့နှင့် ပူးပေါင်း၍ မီတာ(၆၀၀)အရှည်ရှိသော ပူးပေါင်းတံတားတည်ဆောက်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်း(MIC)တို့ထံ တင်ပြမှုညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ Grain Terminal အဖြစ် ဆောင်ရွက်ရန် အကန့်အသတ်များရှိနေသကဲ့သို့ Feasibility Study အရ အကျိုးအမြတ်ရနိုင်ချေနည်းပါနေပါသဖြင့် တွက်ချေကိုက်သော စီးပွားရေးပုံစံတစ်ခုကို ပြောင်းလဲဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

ဈေးကွက်အခြေအနေ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းရရှိနိုင်မည့်အခြေအနေတို့ကို သုံးသပ်၍ မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်စက်ရုံ၊ သဘာဝဓာတ်ငွေ့ရည်၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ စသဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ခြင်းမှလည်း ပိုမိုအကျိုးအမြတ်ရရှိနိုင်သဖြင့် အဆိုပါကိစ္စကိုလည်း နိုင်ငံတကာအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## DHL နှင့် MOU ရေးထိုး၍ ပူးပေါင်းဆောင်ရွက်ခြင်း









MAPCO နှင့် DHL Express, DHL Global Forwarding & DHL Supply Chain တို့ ပူးပေါင်းဆောင်ရွက်ရန်အတွက် Strategic Collaboration MOU လက်မှတ်ရေးထိုးပွဲအား ၂၄.၇.၂၀၁၇ နေ့ညနေတွင် ရန်ကုန်မြို့ Signature ဦကျင်းပခဲ့ပါသည်။

ဂျာမနီနိုင်ငံအခြေစိုက်ပြီး ကမ္ဘာတစ်ဝှမ်းလုံးတွင် စာပို့/ပစ္စည်းပို့လုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး(Logistics)လုပ်ငန်းလုပ်ဆောင်နေသော DHLနှင့်MAPCO တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံထောက်ပံ့ပို့ဆောင်ရေးနှင့် သိုလှောင်ရုံလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

# MAPCO နေပြည်တော်ဆန်စက်၏ 4 in 1 Concept ဆောင်ရွက်နေမှုအခြေအနေ



MAPCO နေပြည်တော်အနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း ဆန်စပါးစိုက်ဧရိယာ (၇၀၃၈) ဧကအတွက် ထွန်ယက်လုပ်ငန်း၊ ရိတ်သိမ်းခြွေလှေ့လုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဓာတ်မြေသြဇာရောင်းချ ဖြန့်ဖြူးခြင်း၊ ၂၀၁၇ ခုနှစ်အတွင်း စပါးတင်းပေါင်း (၂၂၉၁၂)တင်းကို နဝလီအခြောက်ခံစက်ပေးခြင်း၊ MAPCO ၏ စပါးတင်းပေါင်း(၁)သိန်း၊ နဝလီစပါးတင်းပေါင်း (၁)သိန်းနီးပါးကို ကြိတ်ခွဲ ထုတ်လုပ်ခြင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကန်ထရိုက်အကျိုးတူလယ်ယာ Contract Farming ကို (၂၅၄၉) ဧက ဆောင်ရွက်ခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

MAPCO နေပြည်တော်ဆန်စက်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် အကြီးဆုံးဆန်စက်ဖြစ်ခြင်း၊ အစိုးရလုပ်ငန်းဌာနများ၏ ရုံးစိုက်ရာနေရာဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်မှု အချက်အချာကျဒေသဖြစ်ခြင်းတို့ကြောင့် တောင်သူများနှင့် ချိတ်ဆက်စည်းရုံးဆောင်ရွက်ရာတွင်လည်းကောင်း၊ စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပိုမိုထိရောက်လွယ်ကူသဖြင့် MAPCO နေပြည်တော်ဆန်စက်၏ 4 in 1 Concept အား ဆက်လက်၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းဖြင့် အကျိုးအမြတ်များ ရရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

# Myanmar National Telecom Holding Public Limited (MNTH)

မြန်မာနိုင်ငံတွင် စတုတ္ထမြောက်ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ဆောင်ရန် ပြည်တွင်းမြန်မာကုမ္ပဏီ (၇)ခုမှ (၂၃%)၊ အစိုးရအစုစပ် (၂၈%) နှင့် ဖက်စပ်ဆောင်ရွက်မည့် နိုင်ငံခြားမိတ်ဖက်ကုမ္ပဏီဖြစ်သည့် Viettel Group မှ (၄၉%) ပါဝင်သည့် Myanmar National Telecom Holding Public Limited ၌ MAPCO မှ ပြည်တွင်း မြန်မာကုမ္ပဏီများထဲမှ ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖြစ် ပါဝင်ခဲ့ပါ သည်။ MNTH သည် My Tel အမည်ဖြင့် တယ်လီဖုန်းအော်ပရေတာအဖြစ် ဆောင်ရွက်ခွင့်အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ရရှိခဲ့ပြီး မကြာမီလုပ်ငန်းစတင်ဆောင်ရွက်တော့မည်ဖြစ်ပါသည်။

MAPCO နေပြည်တော်အနေဖြင့် အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာ HACCP လက်မှတ်ကို (၆.၃.၂၀၁၇)ရက်နေ့တွင် လက်ခံရရှိထားပြီးဖြစ်ပါသည်။


GlobalGROUP

Certificate of Registration

HAZARD ANALYSIS AND CRITICAL CONTROL POINTS

Myanmar Agribusiness Public Corporation Ltd.

Processing, Distribution and Exporting of Rice

HACCP

# MAPCO မှ ရင်းနှီးမြှုပ်နှံထားသော Subsidiary ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံထည့်ဝင်ထားသော ကုမ္ပဏီများ

## MAPCO မှ ရင်းနှီးမြှုပ်နှံထားသော Subsidiary ကုမ္ပဏီများ

| No. | Subsidiary Companies | Shareholding Percentage |
|---|---|---|
| 1. | Myanmar Japan Rice Industry Co., Ltd | 51% |
| 2. | MAPCO Engineering & Contracting Co., Ltd | 51% |
| 3. | MAPCO Golden Lace Co., Ltd | 55% |
| 4. | Myanmar Agribusiness Services Co., Ltd | 100% |
| 5. | MAPCO Logistics Co., Ltd | 100% |
| 6. | MAPCO Naypyitaw Co., Ltd | 100% |
| 7. | MAPCO Ayeyar Rice Industry Co., Ltd | 40% |

## MAPCO မှ ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများ

| No. | Subsidiary Companies | Shareholding Percentage |
|---|---|---|
| 1. | Myanmar Thilawa SEZ Holdings Public Co., Ltd | 5.01% |
| 2. | Myanmar National Telecom Holdings Public Ltd | 3.34% |
| 3. | Agri First Co., Ltd | 40% |
| 4. | Myaung Mya FM Biomass Power Co., Ltd | 20% |

# MAPCO နှင့် ဝန်ထမ်းများ၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးပြုဆောင်ရွက်မှုများ

## စုပေါင်းမဟာဘုံကထိန်ပွဲလှူဒါန်းခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) တို့၏ ဝန်ထမ်းမိသားစု မဟာဘုံကထိန်အား (၁.၁၁.၂၀၁၇)ရက်နေ့တွင် လက်ပံတန်းမြို့၊ ကန်ကြီးလမ်း၊ အောင်ရိပ်သာကျောင်းတိုက်တွင် ဆက်ကပ်လှူဒါန်းခဲ့ရာ MAPCO ကုမ္ပဏီမှ ကထိန်အလှူအတွက် ပင်မဘုန်းတော်ကြီးကျောင်းအပါအဝင် စုစုပေါင်း (၄၉)ကျောင်း အား ငွေနှင့်ပစ္စည်းတန်ဖိုး ၄,၅၄၄,၅၀၀/-ရှိ ပဒေသာပင်များအား စိုက်ထူလှူဒါန်းပူဇော်ခွင့်ရရှိခဲ့ပါသည်။ အဆိုပါ ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲသို့ အမှုဆောင်ဒါရိုက်တာများ၊ ဒါရိုက်တာများနှင့် ဌာနအကြီးအကဲများ တက်ရောက်လှူဒါန်းခဲ့ပါသည်။











